**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
*Yangon Protestant Reformed Church*
**တနင်္ဂနွေစာစောင်၊ နံပတ် (၁၄၃)**

နေ့စွဲ - ၃. ၂. ၂၀၁၃

*သမိုင်းကဏ္ဍ (History)*

# မာတင် ဘူစာ – ပြန်လည်ပြုပြင်ခြင်းအချိန်၏ အသင်းတော်အားလုံးကို စုစည်းဖို့ကြံရွယ်သူ
(Martin Bucer: Ecumenist of the Reformation)

**နိဒါန်း**

ရိုမန်ကက်သလစ်အသင်းတော်က ရီဖေါမ့်မား(ပြန်လည်ပြုပြင်သူ)များကို အမြဲတမ်းစွပ်စွဲလေ့ရှိသည်မှာ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)က အသင်းတော်အဆောက်အအုံအဖွဲ့အစည်းကို ဖြပစ်ကာ၊ ခရစ်တော်ကိုယ်ခန္ဓာ၏ညီညွတ်ခြင်းကို ဖျက်ဆီးပစ်သည်ဟူ၍ဖြစ်ပါသည်။ အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)စပြီး မကြာလှသောအချိန်တွင် အသင်းတော်များသည် မျိုးစုံသောဂိုဏ်းများအဖြစ် ကွဲပြားသွားခဲ့ကြပါသည်၊ အဓိကဂိုဏ်းများမှာ လူသာရန်ဂိုဏ်း(မာတင်လူသာနောက်လိုက်များ)၊ ကဲလ်ဗင်းနစ်စတစ်ဂိုဏ်း(ကဲလ်ဗင်းဝါဒလက်ခံကြသူများ)၊ အဲန်နာဘစ်တစ်အုပ်စုများ(နှစ်ခြင်းများက ထိုအုပ်စုမှ သူတို့လာကြသည်ဟု ပြောတတ်ကြပါသည်)။ ထိုသို့ ကွဲပြားကြခြင်းတွင် ကောင်းမွန်သောဆင်ခြေများ ရှိကောင်းရှိပါမည်၊ ဘုရားသခင်ကလည်း ထိုသို့ဖြစ်ခြင်းတွင် သူ၏သိ၍မကုန်နိုင်သောဉာဏ်ပညာတော်ဖြင့် ရည်ရွယ်ချက် ရှိပါမည်၊ မည်သို့ဖြစ်စေကာမူ ထိုပြဿနာသည် ရီဖေါမ်းမားများအတွက် မဖြစ်မနေ ဖြေရှင်းဖို့လိုသော ပြဿနာတရပ်ဖြစ်နေခဲ့ပါသည်။ ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)အသင်းတော်များကို စုစည်းညီညွတ်နိုင်ကြဖို့ စိတ်အားထက်သန်ပြင်းထန်စွာ ကြိုးပမ်းခဲ့ကြသော်လည်း၊ ထိုလုပ်ငန်းစဉ်ကို “မာတင် ဘူစာ” လောက် မည်သူကမျှ အစွမ်းကုန်ကြိုးပမ်းခဲ့သူ မရှိခဲ့ပါ။ သူသည် စထရပ်စဘာ့ဂ်မြို့မှ ပြန်လည်ပြုပြင်သူဖြစ်ပါသည်။ သူ့အမှုတော်ဆောင်ခြင်းအားလုံး၌ ထိုညီညွတ်ခြင်းရနိုင်ဖို့သာ ကြိုးပမ်းနေခဲ့သူဖြစ်သည်။

သို့သော် ခရစ်တော်၏အသင်းတော်အား ညီညွတ်ခြင်းရနိုင်ဖို့ ကြိုးစားရင်း၊ ရှောင်လွှဲ၍မရနိုင်သည့် ခံယူချက်များအား အလျှော့ပေးရောနှောခြင်းကို ရှာဖွေလေ့ရှိပါသည်၊ ထိုအခါ စစ်မှန်သောညီညွတ်ခြင်းသည် မဖြစ်နိုင်တော့ဘဲ ရှိနေပြန်ပါသည်။ သူသည် လူသာရန်အုပ်စုနှင့် ကဲလ်ဗင်းအုပ်စုများကို ညီညွတ်လာဖို့ကိုသာ လိုချင်ခဲ့သည်မဟုတ်ပါ၊ ပရိုတက်စတင့်အုပ်စုအားလုံးနှင့် ရိုမန်ကက်သလစ်တို့ ညီညွတ်ခြင်းရနိုင်ကြဖို့လည်း အားထုတ်ခဲ့သူဖြစ်ပါသည်။ ညီညွတ်ခြင်းရဖို့ ဆန္ဒပြင်းပြလွန်းသဖြင့်၊ ညီညွတ်ခြင်းဆိုသည်မှာ ခရစ်တော်၌ရှိသော၊ ကျမ်းစာကဖေါ်ပြသောအမှန်တရားအားဖြင့်သာ ဖြစ်ရမည်ဆိုသောအချက်ကို သူ မေ့နေခဲ့ပါသည်။

သို့သော် ထိုအချက်ကို ဖယ်ထားလျှင်၊ သူသည် အလွန်အရေးကြီးသောပြန်လည်ပြုပြင်သူ(ရီဖေါမ်းမား)ဖြစ်ပါသည်၊ သူ့ကြိုးပမ်းမှုများသည် ခရစ်တော်၏အသင်းတော်အတွက် ကိုယ်ပိုင်တန်ဖိုးရှိသည့်အလုပ်များသာဖြစ်ခဲ့ကြပါသည်။

## ဘူစာ၏ငယ်စဉ်ဘဝနှင့်ပြောင်းလဲခြင်း

မာတင်ဘူစာကို ဂျာမနီနိုင်ငံတောင်ပိုင်း၊ စီလဲစတက်(Selestat)ဒေသတွင် ၁၄၉၁ ၌ ဖွားမြင်ပါသည်။ သူ၏သင်းအုပ်ဆရာအလုပ်ကို (၂၅)နှစ်တိတိလုပ်ဆောင်မည့် စထရပ်စဘာ့မြို့နှင့် သိပ်မဝေးသောနေရာဖြစ်ပါသည်။ ထို့ကြောင့် သူသည် မာတင်လူသာထက် ၈ နှစ်ငယ်ကာ၊ ဂျွန်ကဲလ်ဗင်းထက် ၁၈ နှစ်ကြီးပါသည်။ သူ့ဖခင်သည် ဆင်းရဲသော ဖိနပ်ချုပ်သမားဖြစ်သော်လည်း၊ ဘူစာ ငယ်စဉ်ကပင် ကောင်းသောပညာရေးကို ရရှိခဲ့ပါသည်၊ အသက် ၁၅ နှစ်တွင် ဒိုမီနီကန်ဘုန်းတော်ကြီးဂိုဏ်းသို့ ဝင်ရောက်ခဲ့ပါသည်။ ထိုသို့ဝင်ရောက်ရခြင်းသည် ဘုန်းကြီးကျောင်းနေဘဝကို သဘောကျလှ၍တော့မဟုတ်ပါ၊ ထိုခေတ်က ဒိုမီနီကန်ဂိုဏ်းသည် ပညာသင်ကြားပေးခြင်းတွင် နာမည်ကြီးလှသဖြင့်၊ လုံးဝပညာတတ်ဖြစ်ဖို့ ထိုကျောင်း၏ပညာရေးကို ရချင်သောကြောင့်သာ ဝင်ရောက်ခဲ့ခြင်းဖြစ်ပါသည်။ ဘွဲ့လွန်ပညာသင်ယူဖို့ သူ့ကို ဟိုက်ဒဲလ်ဘာ့ဂ်မြို့သို့ ဆက်လက်စေလွှတ်ပါသည်။ ထိုမြို့တွင် သူ့ဘဝအတွက် အရေးကြီးဆုံးသောအဖြစ်အပျက် ဖြစ်ပျက်ခဲ့ပါသည်။ ထိုအဖြစ်အပျက်မှာ ထိုမြို့သို့ မာတင်လူသာ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)စသည်ဆိုသောအချိန်တွင် လာခဲ့ခြင်းဖြစ်သည်၊ မာတင်လူသာ သူပါဝင်သော ဩဂတ်စတင်နီယန်ဘုန်းတော်ကြီးဂိုဏ်းသားများနှင့် သီဩလော်ဂျီအကြောင်း ဆွေးနွေးကြဖို့ လာရောက်ခဲ့ခြင်းဖြစ်ပါသည်။ ဘူစာသည် မာတင်လူသာ၏ တရားဟောပြောခြင်း၊ ရှင်းပြခြင်းများကို သေချာကြားနာရကာ၊ မာတင်လူသာ၏ ပြန်လည်ပြုပြင်ခြင်းဩဝါဒ အမှန်တရားများကို အပြည့်အဝလက်ခံခဲ့ပါသည်။ တဦးချင်း၊ ညစာစားပွဲပြုလုပ်လျှက်၊ မာတင်လူသာနှင့်တွေ့စုံကာ၊ ထိုမေးခွန်းများကို ဆွေးနွေးလျှက်၊ ရီဖေါ်မေးရှင်း(ပြန်လည်ပြုပြင်ခြင်း)သို့ မိမိကိုယ်ကို လုံးလုံးမြုပ်နှံသူဖြစ်လာပါသည်။

## ဘူစာ စထရပ်စဘာ့ဂ်မြို့တွင် သင်းအုပ်ဖြစ်လာခြင်း

ဤကာလတွင် စိတ်ဝင်စားစရာကောင်းသောအကြောင်းအရာဖြစ်ခဲ့ပါသည်။ လူသာအား ဝါမ်းမြို့ ဂျာမန်မှူးမတ်သူကောင်းမျိုးနွယ်အကြီးအကဲတို့၏ ညီလာခံသို့၊ အင်ပါယာပြည့်ရှင် ပဥ္စမမြောက်ချားလ်၏ စစ်ဆေးမှုခံရန် ဆင့်ခေါ်ချိန်ဖြစ်သည်။ ထိုညီလာခံသို့သွားလျှင် ဘယ်တော့မှမပြန်ရဘဲလည်းဖြစ်နိုင်ကြောင်း လူသာ သိနေခဲ့ပါသည်။ လူများစွာက သူ့အားမသွားဖို့ တားမြစ်ကြပါ

သည်။ သူ့အရင် နှစ်(၁၀၀)ခန့်ကလည်း ထိုသို့ပင် အင်ပါယာမှ ဘာမှမဖြစ်ရပါဟု ကတိပေးခဲ့သော်လည်း၊ ခွန်စတဲန့်ညီလာခံကြီးက ဂျွန်ဟပ်စ်အား မီးရှို့အသတ်ခဲ့ဘူးသည့်အကြောင်း မာတင်လူသာနှင့်သူ့အဖွဲ့သားများက သေချာမှတ်မိနေကြပါသည်။ ထိုသို့ တားမြစ်သူများထဲတွင် မာတင်ဘူစာလည်း တဦးအပါအဝင်ဖြစ်ပါသည်။ အလွန်ကြီးသောအန္တရယ်က သူ့ကိုစောင့်နေမည်ဖြစ်ကြောင်း သတိပေးခဲ့ပါသည်။ သို့သော် မာတင်လူသာက "ဝါမ်းမြို့ညီလာခံ တက်ရောက်သူအားလုံး နတ်ဆိုးများပင်ဖြစ်နေပါကလည်း၊ ငါသွားမည်"ဟု ပြောသောအခါ၊ ဘူစာ သူနှင့်အဖေါ်လိုက်သွားခဲ့ပါသည်။ ထိုနေရာတွင် လွန်စွာစိတ်လှုပ်ရှားစရာကောင်းသည့် မာတင်လူသာ၏ စကားများကို ကြားခဲ့ရပါသည်၊ "ကျွန်ုပ် ဤနေရာတွင် ရပ်နေသည်၊ (ကျမ်းစာကိုဆန့်ကျင်လျှက်) ဘာကိုမှ ဆက်မလုပ်နိုင်ပါ၊ ထို့ကြောင့် ဘုရားသခင် ကယ်မတော်မူပါ"ဟု ပြောခဲ့သောစကားများကိုဖြစ်ပါသည်။

၁၅၂၂၊ အသက် ၃၁ နှစ်တွင်၊ ဘူစာသည် သူ့လုပ်ငန်းစဉ်ကို စိတ်အားထက်သန်စွာ စလုပ်ပါသည်။ ဝီဆမ်ဘော့ဂ် မြို့တွင် သူ စလုပ်ပါသည်၊ ၎င်းကို ပရိုတက်စတင့်မြို့တော်ဖြစ်အောင် လုပ်ဆောင်ပါသည်။ သို့သော် ရိုမန်ကက်သလစ်တို့က ထိုမြို့ကို ကက်သလစ်မြို့အဖြစ် ဆက်ထိန်းနိုင်ခဲ့ကြပါသည်။ ထို့ကြောင့် ဘူစာ မြို့တော်မှ အသက်လွတ်ယုံ ထွက်ပြေးခဲ့ရပါသည်။ ထို့နောက် အနီးရှိ စထရပ်စဘော့ဂ်မြို့သို့ ဆက်သွားခဲ့ပါသည်၊ ထိုနေရာတွင် သူ့မိဘများလည်း မြို့တော်သားများဖြစ်ကြသည်။

ဝုစ်ဆဲမ်ဘော့ဂ်မြို့တွင် နေထိုင်စဉ် မာတင်ဘူစာ အဲလစ်စဘက် စီလ်ဘရဲစင်(Elizabeth Silbereisen)ဆိုသူ အမျိုးသမီးနှင့် အိမ်ထောင်ပြုပါသည်။ သူမသည် ယခင်က ကက်သလစ်သီလရှင်ဖြစ်သည်၊ သားသမီး ၁၃ ဦးထွန်းကားပါသည်။ မာတင်ဘူစာ သည် ရီဖေါမ်းမား(ပြန်လည်ပြုပြင်သူ)များထဲတွင် ပထဆုံးအိမ်ထောင်ပြုသူဖြစ်ပါသည်။ ထိုသို့ပြုသဖြင့် အီရပ်စမတ်က ရီဖေါ်မေးရှင်းဆိုသောအရာသည် ဇတ်လမ်းပမာအရ ဝမ်းနည်းစရာမဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် လက်ထပ်ထိမ်းမြားခြင်းနှင့်သာအဆုံးသတ်၍ဖြစ်ပါသည်ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်ပါသည်။ (အီရပ်စမတ် ဆိုသူမှာ ပညာရှင်၊ လူသာပဓာနဝါဒီ(humanist)အကြီးစားဖြစ်သည်၊ ကက်သလစ်ဂိုဏ်းမှ ဘယ်တော့မှထွက်မလာသူဖြစ်သည်။)

ဘူစာ၏ အမြဲတမ်းအလုပ်များနေသော အိမ်ထောင်စုဘဝသည် ဘုရားတရားကြောက်ရွံ့ရှိသေသော အိမ်ထောင်စုဖြစ်ပါသည်။ ပဋိညာဉ်အိမ်ထောင်စု မည်သို့ဖြစ်သည်ကို ဥပမာပြနေသောအိမ်ထောင်ဖြစ်ပါသည်။ အိမ်ထောင်၏ ဝိညာဉ်ရေးရာလက္ခဏာကို အဓိကဖေါ်ဆောင်သူမှာ ဇနီးအဲလစ်စဘက်ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် မာတင်ဘူစာ အမြဲတမ်း ရီဖေါ်မေးရှင်းအတွက် ခရီးထွက်နေရသဖြင့် ဖြစ်ပါသည်။

အဲလစ်စဘက် ဘူစာထက် စော၍ ကွယ်လွန်ပါသည်၊ မာတင်ဘူစာ နောက်တခါ အိမ်ထောင်ပြုပါသည်၊ ဝီလီဘရဲန်ဒီးစ် ရိုစဲန်လတ်(Wilibrandis Rosenblatt)ဆိုသောအမျိုးသမီးနှင့်ဖြစ်သည်။ ထိုအမျိုးသမီးသည် သုံးကြိမ် ရီဖေါမ်းမားတို့နှင့်အိမ်ထောင်ပြုဖူးသူ မုဆိုးမဖြစ်ပါသည်၊- သူ့ခင်ပွန်းဖြစ်ခဲ့ဘူးသူ ရီဖေါမ်းမား(ပြန်လည်ပြုပြင်သူ)များမှာ လွဒ်ဝှစ် ဆယ်လာရီးယပ်စ်(Ludwig Cellarius)၊ အွိုင်ကိုလမ်ပါဒီးယပ်စ်(Oecolampadius)နှင့် ဝုဖ်ဂန် ကဲပ်ပီတို(Wolfgang Capito)တို့ဖြစ်ကြပါသည်၊ အားလုံး စောစီးစွာ ကွယ်လွန်ကြသည်။ ထိုသို့သော ကြီးကျယ်သည့်ယောက်ျားကောင်းလေးဦးနှင့် အိမ်ထောင်ပြုခဲ့သူ့အမျိုးသမီးသည် အင်မတန်ထူးခြားသောလက္ခဏာနှင့် ဆွဲဆောင်မှုရှိသူ ဖြစ်ရပါမည်။ သူမသည် ဘူစာနှင့်အတူ အင်္ဂလန်နိုင်ငံအထိ လိုက်ပါခဲ့သူဖြစ်သလို၊ ဘူစာထက် အသက်ရှည်သူလည်း ဖြစ်ပါသည်။

စထရပ်စဘော့ဂ်မြို့သည် ခန်းနားသောတရားဟောဆရာများဖြင့် ကောင်းချီးခံရသောမြို့ဖြစ်သည်။ ဘူစာ ကိုယ်တိုင်က ထိုနေရာတွင် ၂၅ နှစ်အမှုတော်ဆောင်ခဲ့သော်လည်း၊ တခြားသောတရားဟောဆရာ နာမည်ကျော်များဖြစ်ကြသည့်၊ ဇဲလ်(Zell)၊ ကဲပ်ပီတို(Capito)၊ ဟီဒီအို(Hedio)၊ ဂျိုဟန် စတမ်း(Johann Sturm)၊ နောက်ဆုံး ကဲဗင်းကိုယ်တိုင် ထိုမြို့၌တချိန်တည်းတွင် နေထိုင်ခဲ့ကြပါသည်။ ကဲလ်ဗင်း ဂျီနီဗာမှ အမောင်းထုတ်ခံရစဉ်နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။ မြို့တမြို့တွင် ထိုမျှကြီးမြတ်လှသော၊ တတ်စွမ်းကြသော သင်းအုပ်ဆရာများဖြင့် တချိန်တည်းတွင် ဟောပြောမှုခံယူရခြင်းမျိုး ရှိတောင့်ရှိခဲဖြစ်ပါသည်။

စထရပ်စဘော့ဂ်မြို့တွင် ဘူစာ သည် အမှုတော်ဆောင်ခြင်းလုပ်ငန်းထဲ မိမိကိုယ်ကို မြှုပ်နှံထားပါသည်။ သစ္စာရှိစွာ တရားဟောကြားသည်၊ သင်းအုပ်ဆရာအလုပ်ကို ပြင်းပြင်းထန်ထန် လုပ်ကိုင်ပါသည်၊ ခရစ်ယာန်ကျောင်းများကိုဖွင့်သည်၊ ကျမ်းစာကျောင်းဖွင့်သည်။ ရီဖေါမ်းယုံကြည်ခြင်းကြောင့် နှိပ်စက်ညှင်းဆဲခံရသူ ဒုက္ခသည်များကို လက်ခံသည်။ စာအမြောက်အများရေးသားသည်။ ရေးသားသောစာများတွင် ဥရောပတလျှောက်ရှိ ရီဖေါမ်းမားများနှင့် စာပေးစားယူလုပ်ခြင်းလည်း အပါအဝင်ဖြစ်သည်။ ဂျာမနီနှင့်ဆွစ်ဇာလန်နိုင်ငံ တနံတလျှားခရီးသွားလာကာ၊ ညီလာခံများကို တက်ရောက်ပါသည်။

ကဲလ်ဗင်း ခဏတာ စထရပ်စဘော့ဂ်မြို့တွင်နေထိုင်ပြီး၊ ဂျီနီဗာသို့ပြန်သွားသော်၊ ဘူစာ ကဲလ်ဗင်းပြန်သွားခြင်းကို မကြည့်ရက်သော်လည်း၊ ဤသို့ ဂျီနီဗာကောင်စီနှင့်အာဏာပိုင်များထံ စာရေးခဲ့ပါသည်၊ "နောက်ဆုံးတော့၊ ကဲဗင်းဆိုသူ သင်တို့ထံ ပြန်လာပါသည်၊ သူသည် ဘုရားသခင့် ရွေးကောက်ခြင်းခံရသူ၊ တုနှိုင်းစရာမရှိသော ဘုရားသခင့်အသုံးပြုခံဖြစ်သည်၊ ယနေ့ချိန်တွင် သူကဲ့သို့သော ပညာရှင် တဦးမျှရှိမည်မထင်ပါ၊ သူနှင့်တန်းတူလောက်ရှိမည်ဆိုသူ ရှိဦးတော့ ဟုတ်ပဲ့မလားဟု မေးခွန်းထုတ်ရမည်ဖြစ်ပါသည်။" ထိုစာက ရီဖေါမ်းမားနှစ်ဦးတို့ကြားတွင် မည်သို့သောဆက်ဆံရေးရှိကြောင်းကို ဖေါ်ပြနေပါသည်။ သူတို့သည် တဦးထံတွင် ဘုရားသခင်က ပေးထားသောလက်ဆောင်အရည်အချင်းကို အသိအမှတ်ပြုကြဖို့ ဘယ်တော့မှ ဝန်မလေးကြသူများဖြစ်ပါသည်။ မိမိသူငယ်ချင်းအား သူ့အလုပ်အတွက် အမြဲတမ်း ချီးမွမ်းတတ်ကြပါသည်။ မိမိတို့၏ ဘုရားပေးတာဝန်များကို ကျေပွန်ကြဖို့ တဦးနှင့်တဦးအမြဲ အားပေးတတ်ကြသူများဖြစ်ပါသည်။ ယနေ့ခေတ်ကဲ့သို့ အသင်းတော်အသက်ရှင်ဖို့ ခက်ခဲသောအချိန်များတွင်လည်း ဘုရားသခင်က ထိုသို့ပင်ပြုစေချင်မည်မဟုတ်ပါလော?

၁၅၄၉ တွင် ဂျာမနီနိုင်ငံ မူးမတ်များက အော့စဘော့ဂ်မြို့တွင် စည်းဝေးကြကာ၊ ပရိုတက်စတင့်များအား မည်သည့်အခွင့်အရေးမှမပေးကြဖို့ ဆုံးဖြတ်ကြသည်။ သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာခွက်အား သာမန်အသင်းသားများထံပေးခွင့်၊ သင်းအုပ်များ

အိမ်ထောင်ပြုခွင့်သာပေးကြဖို့ ဆုံးဖြတ်ကြသည်။ (သိရမည်မှာ ကက်သလစ်ဂိုဏ်းတွင် ပွဲတော်မင်္ဂလာခွက်ကို ယနေ့ထိ အသင်းသူ/သားများအားမပေးကြပါ၊ ဘုန်းကြီးကသာ အကုန်သောက်ပါသည်)။ ထိုသို့ ကက်သလစ်မင်းညီမင်းသားများ၏ ဆုံးဖြတ်ချက်က စထရပ်စဘာ့ဂ်မြို့ကိုလည်း ချိန်းခြောက်လာပါသည်၊ ထိုဆုံးဖြတ်ချက်ကို မနာခံသော ဘူစာလည်း သူချစ်သောမြို့နှင့်အသင်းတော်မှ ထွက်ပြေးခဲ့ရပါသည်။

ကဲလ်ဗင်းက သူ့ကို ဂျီနီဗာသို့လာရန် ဖိတ်ကြားခဲ့သော်လည်း၊ သူသည် သောမတ်စ် ခရဲန်မာ(Thomas Cranmer)၏ဖိတ်ကြားချက်ကို လက်ခံလျှက် အင်္ဂလန်သို့ သွားရောက်ခဲ့ပါသည်။ အင်္ဂလန်တွင်လည်း သူ၏ကြီးမားများမြောင်လှသော စွမ်းရည်များကို အသိအမှတ်ပြုကြရပါသည်။ သူ့အား ကိန်းဘရစ်ချ်တွင် အမြင့်ဆုံး ဂုဏ်ထူးဆောင်ပရောဖက်ဆာအဖြစ် ခန့်အပ်ခြင်းခံရသည်၊ အင်္ဂလန်ဘုရင် ဆဋ္ဌမမြောက်ချားလ်ဘုရင်နှင့် တွေ့စုံပြောဆိုခွင့်ရသည်။ ကိန်းဘရစ်ချ်တက္ကသိုလ်၏ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို လက်ခံရရှိသည်။ အင်္ဂလိပ်တို့၏အသင်းတော်ပြန်လည်ပြုပြင်ခြင်းတွင် အမြဲတမ်းအလေးပြုဂရုထားရသူ ဖြစ်လာပါသည်။

မာတင်ဘူစာ မတ်လ ၁ ရက်၊ ၁၅၅၁ တွင် အင်္ဂလန်နိုင်ငံ၌ ကွယ်လွန်ခဲ့ပါသည်၊ ကွန်လွန်ချိန် အသက် ၇၀ တိတိဖြစ်သည်။ သူ့အလောင်းအား မြှုပ်နှံချိန် လူ ၃၀၀၀ ခန့် လိုက်ပို့ကြပါသည်။ သူသည် ရိုသေလေးမြတ်ခြင်းဖြင့် သဂြိုဟ်ခံရပါသည်။ သို့သော် ရိုမန်ကက်သလစ်ဂိုဏ်းက သူ့အား ငြိမ်းချမ်းစွာအနားယူခွင့်မပေးပါ။ ကက်သလစ်ဘာသာကိုးကွယ်သော ကျူဒါမင်းဆက်မှ ဘုရင်မ မယ်ရီ၊ သမိုင်းတွင်သူ့အား သွေးသံရဲရဲ မယ်ရီ(Bloody Mary)ဟု သိကြပါသည်၊ နန်းတက်သောအခါ၊ ထိုဘုရင်မသည် ရိဖေါမ်းမား(အသင်းတော်ပြန်လည်ပြုပြင်သူများ)ဖြစ်ကြသည့်၊ ရက်ဒလေ(Ridley)၊ လက်တီမာ(Latimer)နှင့် ခရဲမ်မာ(Cranmer)တို့ကိုသာ အရှင်လတ်လတ် တိုင်ပေါ်တွင် မီးရှို့သတ်သည်မဟုတ်ပါ၊ မာတင်ဘူစာ၏ အလောင်းကိုလည်း ပြန်တူးဖေါ်၊ တိုင်ပေါ်တွင်ချိတ်ကာ မီးရှို့ခဲ့ပါသည်။ ဘုရားသခင်က အင်္ဂလန်နိုင်ငံကို သနားသဖြင့် မယ်ရီ၏နန်းသက် တိုစေခဲ့ပါသည်။ အဲလစ်စဘက် နန်းတက်သောအခါ(ကောင်းမြတ်သောဘုရင်မဖြစ်သည်)၊ မာတင်ဘူစာ၏ အရိုးပြာကျန်သမျှကို ပြန်လည်စုသိမ်းကာ သေချာပြန်လည်မြှုပ်နှံပေးခဲ့ပါသည်။

### မာတင်ဘူစာ၏ အလုပ်များ

မာတင်ဘူစာသည် ရိဖေါမေးရှင်းလုပ်ငန်းစဉ်အတွက် ရှည်လျှားပြင်းထန်စွာ တိုက်ပွဲဝင်ခဲ့ပါသည်။ ထို စိတ်ပျက်စရာကောင်းလှသည့် လူသာပခါနဝါဒီ အီရပ်စမတ် လွတ်လပ်သောအလိုဆန္ဒ(free will)ကိုခုခံကာကွယ်သောအခါ၊ အီရပ်စမတ်သည် ဘူစာ၏ အင်မတန်ရင်းနှီးသောသူငယ်ချင်းဖြစ်ခဲ့သော်လည်း၊ လမ်းခွဲခဲ့ပါသည်။ ထို့နောက် မာတင်လူသာအား ထို "ဘုန်းကျက်သရေ၏ မပျော်နိုင် မရွှင်နိုင် ဖြစ်နေသည့် အစေခံ၊ သမ္မာကျမ်းစာအား မိမိ၏အထင်အမြင်များနှင့် တံတွေးထွေးချင်သည့် အူကြောင်ကြောင်၏" "ကူးစက်ရောဂါ နှင့်တူသောစာအုပ်ငယ်"ကို ပြန်လည်ချေပဖို့ တိုက်တွန်းခဲ့ပါသည်။

စထရပ်စဘာ့ဂ်မြို့သို့ အဲန်နာဘတ်တစ်အုပ်စုများ ဝင်ရောက်လာကြသောအခါ၊ ဘူစာ သည် ၄င်းတို့ကို စင်ကြယ်သော ဧဝံဂေလိတရားကို ဆန့်ကျင်သူများဟု အပြစ်တင်ခဲ့ပါသည်။ ကဲလ်ဗင်း စထရပ်စဘာ့ဂ်မြို့၌ ဘူစာ၏လုပ်ဖေါ်ကိုင်ဖက်အနေနှင့် လုပ်ကိုင်ခဲ့စဉ်၊ ဘူစာသည် ကဲလ်ဗင်းအား အတော်ပင် လွှမ်းမိုးနိုင်ခဲ့ကာ၊ သူ၏အမြင်များအား ဖွံ့ဖြိုးတိုးတက်ဖို့ များစွာအထောက်အကူပြုခဲ့ပါသည်။

ဘူစာ သည် စာအလွန်ရေးပါသည်။ သူ့စာများကိုစုပေါင်းသော် ကျမ်းကြီးကျမ်းခိုင် အတွဲပေါင်း(၁၅၀)ရှိပါသည်။ သို့သော် များစွာသောသီဩလော်ဂျီယန်တို့ ထုံးစံအတိုင်း၊ အလွန်လေရှည်ပါသည်။ မာတင်လူသာက သူ့ကို လေအိုး(chatterbox)ဟုခေါ်ပါသည်။ အင်္ဂလန်ဘုရင် ပဥ္စမမြောက်ချားလ်က သူ့ကို လေအိတ်ကြီး(windbag)ဟုခေါ်ပါသည်။ ကဲလ်ဗင်းကမူ ပို၍ချစ်မြတ်နိုးဖွယ်နှင့်၊ "တခြားအလုပ်လုပ်စရာရှိသေးသူအတွက် ဖတ်ဖို့ ဘယ်လိုမှအချိန်မပေးနိုင်သည့် အလွန်စကားကြောရှည်သူသည် ဘူစာဖြစ်ပါသည်၊ . . . . သူသည် မည်သည့်အချိန်တွင် ရပ်ရမည်ကိုမသိသော စာရေးဆရာဖြစ်သည်"ဟု မှတ်ချက်ပြုပါသည်။ သူရေးသာစာများသည် ဖတ်ရခက်ခဲလှသဖြင့် အင်္ဂလိပ်သင်းအုပ်ဆရာကြီး အက်ဒမောင် ဂရင်းဒဲလ်က၊ သူ့စာများအား အနက်ဖေါ်ဖို့ မျက်လှည့်ဆရာတဦးလောက်တော့ လိုပါမည်ဟု ပြောကြားခဲ့ပါသည်။

ရိဖေါမေးရှင်းအတွက် အလွန်စိတ်အားထက်သန်လှသဖြင့်၊ ဘူစာသည် အားလုံးညီညီညွတ်ညွတ်ဖြစ်ဖို့ကို အလွန်ဖြစ်စေချင်ခဲ့ပါသည်။ အကွဲကွဲအပြားပြားဖြစ်နေသော ပရိုတက်စတင့်အုပ်စုများကြား ညီညွတ်ဖို့ကိုသာမကတော့ပါ၊ ဖြစ်နိုင်လျှင် ပရိုတက်စတင့်ဝါဒနှင့်ကက်သလစ်တို့အကြား ညီညွတ်ခြင်းရနိုင်ဖို့လည်း လိုချင်ခဲ့ပါသည်။ ထိုရည်ရွယ်ချက်ဖြစ်မြောက်ဖို့ သူသည် ကြာညောင်း ပြင်းထန်စွာ လုပ်ဆောင်ခဲ့ပါသည်။ ထိုသို့သောလုပ်ဆောင်မှုကို ချီးမွမ်းစရာကောင်းသော်လည်း၊ ထိုသို့လိုချင်မှုက မလိုလားအပ်သော အမှန်တရားများကို အလျှော့ပေးရောနှောခြင်းများကို လက်ခံလာရစေပါတော့သည်။

အသင်းတော်များကြား ညီညွတ်ခြင်းကိုရနိုင်ဖို့ သူသည် ညီလာခံအမြောက်အများကို တက်ရောက်ခဲ့ပါသော်လည်း၊ သူ၏ အမှန်တရားအား အလျှော့ပေးရောနှောချင်မှုကို ဥပမာနှစ်ခုနှင့်ပြပါမည်။

ဘူစာသည် "တက်ထရာပိုလီတန်ခံယူယုံကြည်ချက်"(The Tetrapolitan Confession)ကို အဓိကရေးသားသူဖြစ်ပါသည်။ ပြင်းထန်လွန်းစွာ ငြင်းခုံနေခဲ့ကြသည့် "ပွဲတော်မင်္ဂလာတွင် ခရစ်တော်၏ပါဝင်ပုံ"နှင့်ပတ်သက်၍ ညီညွတ်ခြင်းရနိုင်ရန် ရေးသားခဲ့ခြင်းဖြစ်သည်။ ဘူစာသည် ထိုခံယူယုံကြည်ချက်တွင်၊ လူသာရန်အုပ်စုများ နှင့် ကဲလ်ဗင်းဝါဒတို့အကြား ညီညွတ်ခြင်းရနိုင်ဖို့မျှော်လင့်ချက်ဖြင့် ကျမ်းစာ၏အမှန်တရားများကို အလျှော့ပေးလိုက်လျှောခဲ့သည်ကို တွေ့ရပါမည်။

ထိုသို့အလျှော့ပေး ရောနှောခြင်းကို လိုချင်သဖြင့်၊ မာဘာ့ဂ်ဒေသ ဆွေးနွေးကြခြင်းတွင် ခရစ်တော်၏ပွဲတော်မင်္ဂလာတွင်ပါဝင်ပုံကို လူသာအဖွဲ့ဖက်မှ ရေးသားပေးခဲ့ကြောင်းတွေ့နိုင်ပါသည်။ ထိုဆွေးနွေးပွဲသည် ဟပ်စီးပြည်နယ် နယ်စားကြီးဖိလစ်မှ လူသာ

ရန်များနှင့် ရီဖေါမ်းအုပ်စုတို့ ညီညွတ်နိုင်ကြဖို့ ဆင့်ခေါ်သောဆွေးနွေးပွဲဖြစ်ပါသည်။ ထိုညီလာခံသို့ ဂျာမနီနှင့် ဆွစ်ဇာလန်မှ သီဩလော်ဂျီယန်များ တက်ရောက်ခဲ့ကြပါသည်၊ ကဲလ်ဗင်းတော့ မလာနိုင်ခဲ့ပါ။ ဘူစာလည်း တက်ရောက်ပါသည်၊ ကျွန်တော်တို့ အထက်ကဖေါ်ပြခဲ့သည့်အတိုင်း ဘူစာသည် ထက်သန်သော မာတင်လူသာနောက်လိုက်ဖြစ်ပါသည်။ သို့သော် တဖြည်းဖြည်းသူသည် ကဲလ်ဗင်းအုပ်စုသို့ ပြောင်းလာခဲ့ပါသည်။ ဖြစ်နိုင်သည်မှာ ကဲလ်ဗင် စထရပ်စ်ဘာ့ဂ်တွင်နေခဲ့စဉ် အတော်လွှမ်းမိုးခဲ့ဟန် ရှိပါသည်။ ထိုအတွက်ကြောင့်ဖြစ်မည်ထင်ပါသည်၊ မားဘာ့ဂ်ဒေသဆွေးနွေးပွဲတွင် လူသာနှင့်ဘူစာ တွေ့ဆုံခဲ့သောအခါ၊ မာတင်လူသာက ပြုံးနေသောမျက်နှာထားနှင့်ဖြစ်သော်လည်း၊ “မင်းဟာ ဘာအတွက်မှအသုံးမကျတဲ့ လူလည်ကလေးဘဲ”ဟု ပြောခဲ့ပါသည်။

ညီလာခံကို ဇွင်လီ၏ လှပသောဆုတောင်းဖြင့် ဖွင့်ပါသည်၊ “အိုး ကျွန်ုပ်တို့အားလုံး၏သခင်နှင့်ဖခင်ဖြစ်သူ ကိုယ်တော်ရှင်၊ ကျွန်ုပ်တို့အား ကိုယ်တော်၏ နူးညံ့သောဝိညာဉ်တော်နှင့် ပြည့်တော်မူပါ၊ နှစ်ဖက်လုံး၏ နားလည်မှုလွဲမှားခြင်းများနှင့် ခံစားချက်ပြင်းထန်မှုများအား ပြေလည်စေတော်မူပါ။ မျက်ကန်းဒေါသဖြင့် ရန်ဖြစ်နေကြခြင်းကို အဆုံးသတ်စေတော်မူပါ။ အိုး သခင်ခရစ်တော်၊ ဖြောင့်မတ်ခြင်း၏နေမင်း၊ ထတော်မူပါ၊ ကျွန်ုပ်တို့အပေါ်သို့ တောက်ပတော်မူပါ။ ကြည့်ပါ၊ ကျွန်ုပ်တို့ ရန်ဖြစ်ကြသောအခါ၊ ကိုယ်တော်မှ ကျွန်ုပ်တို့အား သန့်ရှင်းစွာအသက်ရှင်ကြပါဟု တောင်းဆိုထားသည်ကို မကြာခဏမေ့နေတတ်ကြပါသည်။ ကျွန်ုပ်တို့၏ အာဏာများကို အလွဲသုံးစားလုပ်မိခြင်းမှ ကာကွယ်တော်မူပါ။ ၄င်းအာဏာများကို သန့်ရှင်းခြင်းအားမြှင့်တင်ကြဖို့ရန်သာ သုံးတတ်ကြဖို့ ဖြစ်စေတော်မူပါ။”

ဆွေးနွေးပွဲစပြီး မကြာမှီ၊ ရီဖေါမ်းမားများသည် ယုံကြည်ခြင်းနှင့်ပတ်သက်သော အကြောင်းကိစ္စများအားလုံးတွင် သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာအကြောင်းမှလွဲ၍ သဘောတူညီနိုင်ကြကြောင်း သဘောပေါက်လာကြပါသည်။ ဆွစ်ခေါင်းဆောင်များက မာတင်လူသာအား အခြားသူများ၏အမြင်ကိုလည်း နားလည်ပေးဖို့၊ သနားညှာတာဖို့ တောင်းပန်ကြသော်လည်း၊ လူသာသည် ခေါင်းမာလျှက် မလိုက်လျှောနိုင်ဖြစ်သဖြင့်၊ မည်သို့မျှ သဘောတူညီသောအဆင့်သို့ မရောက်နိုင်ဖြစ်နေကြပါသည်။

ဤနေရာတွင်လည်း ဘူစာသည် ညီညွတ်ခြင်းရဖို့ဆိုလျှင် ယုံကြည်ခြင်းအား အလျှော့ပေးရောနှောဖို့ ဝန်မလေးကြောင်း တွေ့ရပြန်ပါသည်။ သူ၏အလျှော့ပေးရောနှောဖို့ တောင်းပန်ခြင်းကို မည်သူကမျှဂရုမစိုက်ခဲ့ကြခြင်းအတွက် ဘုရားသခင့်ထံ ကျေးဇူးတင်ရပါသည်။ ထို့ကြောင့် စစ်မှန်သောယုံကြည်ခြင်းကို ကဲလ်ဗင်းဝါဒီအသင်းတော်များ၌ ယနေ့တိုင်အောင် စောင့်ထိန်းနိုင်ကြခြင်းဖြစ်ပါသည်။

အသင်းတော်ညီညွတ်ခြင်းသည် အလွန့်အလွန်နှစ်သက်စရာဖြစ်ပါသည်။ သို့သော် ညီညွတ်ခြင်းအတွက် ယုံကြည်ခြင်းအား ရောနှောပစ်ခြင်းသည် ညီညွတ်ခြင်း မမည်တော့ပါ၊ ထိုသို့ပြုခြင်းသည်၊ ပို၍ပြဿနာဖြစ်မည့်လမ်းအား ရွေးချယ်ခြင်းသာဖြစ်ပါသည်။ မာတင်ဘူစာ ရီဖေါမေးရှင်းအတွက် အလွန်တန်ဘိုးကြီးသောလုပ်ဆောင်မှုများကို ပေးခဲ့ပါသည်၊- သို့သော် ညီညွတ်ခြင်းကို ရချင်လွန်းသည့် သူ၏ဇောက ကျွန်တော်တို့အတွက် ထာဝရတည်သော သတိပေးခြင်းဖြစ်လာခဲ့ပါသည်၊ အပြင်ပန်းညီညွတ်ခြင်းရဖို့ အမှန်တရားကို စတေးခြင်းသည် ဧဝံဂေလိအမှန်တရားအား ပျက်ဆီးစေခြင်းသာဖြစ်ပါတော့သည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××

<u>*သီဩလော်ဂျီကဏ္ဍ*</u> ***(Theology)***

### ဂျေဆူဘုန်းတော်ကြီးများ၏ ဘုရားသခင့်အလယ်အလတ်အသိပညာအကြောင်း

(The Jesuit Theory of Middle Knowledge)

အလယ်ခေတ် ရိုမန်ကက်သလစ် ဂျေဆူဘုန်းတော်ကြီးများက ဘုရားသခင်၏ အလယ်အလတ်အသိပညာဆိုသည်ကို သွန်သင်ခဲ့ကြပါသည်။ ထိုသို့သွန်သင်ရခြင်းသည် သူတို့အိုင်ဒီယာဖြစ်သည့် လူသား၏လွတ်လပ်စွာရွေးချယ်နိုင်ခွင့်ကို ထိန်းသိမ်းဖို့ဖြစ်ပါသည်။ ဘုရားသခင်၏အရာခပ်သိမ်းသိတော်မူခြင်းတွင် လူသားသည် မည်သို့လွတ်လပ်နိုင်ပါမည်နည်း?ဆိုသည်ကို ထိန်းသိမ်းဖို့ဖြစ်ပါသည်။ ဘုရားသခင်၏အသိပညာသည် အရာခပ်သိမ်းကိုသိတော်မူသည်၊ ထို့ကြောင့် သူသည် အားလုံးကိုသိသည်၊ တကယ်ဖြစ်ခြင်း၊ ဖြစ်နိုင်ခြေရှိခြင်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အားလုံးကို သိတော်မူသည်။ ထိုအရာအားလုံးကိုသိသည်မှာလည်း၊ ကြည့်နေ၍မဟုတ်၊ အတွေ့အကြုံဖြင့်လည်းမဟုတ်၊ ထိုမှဆန့်ကျင်လျှက် အစိုးရတော်မူစွာ၊ မိမိကိုယ်ကိုအားဖြင့် သိနေခြင်းဖြစ်သည်။ ထိုရှုထောင့်မှကြည့်လျှင် ဘုရားသခင်၏အသိပညာသည် ကြိုတင်သိခြင်းဖြစ်သည်၊ ဖြစ်စရာများဖြစ်မလာကြခင် သိနေခြင်းဖြစ်သည်။ ထိုသို့ပြောသောကြောင့် ဘုရားသခင်သည် ဂန္တီယဆန်ဆန်ဖြင့် သိနေခြင်း၊ ပဥ္စလက်ဆန်စွာ ကမ္ဘာ့အဖြစ်အပျက်များကိုသိနေသည်ဟုတော့ မယူဆရပါ။ ဘုရားသခင်သည် အကြားအမြင်ရသူနှင့်တူသည်ဟု လုံးဝမပြောရပါ။ သူ၏အသိပညာသည် ထာဝရအသိပညာဖြစ်သည်၊ သတ်မှတ်ထားပြီးများကို သိခြင်းဖြစ်သည်။ ဘုရားသခင်က အရာခပ်သိမ်းကို သူ၏ထာဝရအမိန့်တော်၊ သူ၏ကိုယ်ပိုင်အကြံအစည်တော်အားဖြင့် သိနေခြင်းဖြစ်ပါသည်။

သို့သော် ဂျေဆူဘုန်းတော်ကြီးတို့က ဘုရားသခင်၏ ထိုအရာခပ်သိမ်းကိုသိခြင်းအသိပညာနှင့်ကြိုတင်သိတော်မူခြင်းတို့သည် မရှိမဖြစ်လိုအပ်မှုသဘော(necessity)ဆောင်နေသည်ဟု သဘောပေါက်ကြပါသည်။ သူတို့ကပြောကြသည်၊ အကယ်၍ ဘုရားသခင်က အရာခပ်သိမ်းကို ဖြစ်မလာခင် သိနေသည်ဆိုလျှင်၊ ၄င်းတို့၏ဖြစ်ပျက်လာခြင်းသည် သေချာနေမည်၊ မဖြစ်မနေဖြစ်လာခြင်းသဘောဆောင်နေမည်၊ ထိုသို့မဟုတ်လျှင် ဖြစ်ပျက်လာကြသော အဖြစ်အပျက်များအတွက်နှင့် သမိုင်းကြောင်းတွင်ဖြစ်ပျက်လာကြသည့် စဉ်ဆက်ဖြစ်ခြင်းကွင်းဆက်သည် မဖြစ်မနေသေဘာကို မဆောင်ပါ၊ ထိုသို့ပြောလျှင် ဘုရားသခင်သည် ဘာကိုမှ

တိတိကျကျ သိတော့မည်မဟုတ်ပြန်။ နောက်တခါ၊ သူတို့က သေချာသိနေသည်မှာ၊ အကယ်၍ဘုရားသခင်သည် အရာခပ်သိမ်း ဖြစ်လာမည်များကို ၎င်းတို့ သမိုင်းကြောင်းထဲ တကယ်မဖြစ်ခင်ကပင် သိနေသည်ဆိုလျှင်၊ ထိုသို့သိနေသော အမြင့်ဆုံးဘုရားသခင်၏ အသိပညာသည် လူသားတို့၏အမူအကျင့်များကိုသိခြင်းလည်း အပါအဝင်ဖြစ်မည်။ ထိုအခါ ပြဿနာတက်ပါတော့သည်၊ အဘယ့်ကြောင့်ဆိုသော် ဂျေဆုအဖွဲ့သားများက၊ ပရဲဂီးယန်းဝါဒကို လက်ခံ၍ဖြစ်ပါသည်၊ ပလဲဂီးယန်းဝါဒက လူသည် လွတ်လပ်စွာ ရွေးချယ်နိုင်သည်ဟုပြောသဖြင့်၊ လူသည်လွတ်လပ်လျှင် ဘုရားသခင်၏အရာခပ်သိမ်းသိခြင်းနှင့် ဘယ်လိုမှ နှစ်ခု အတူတူ လက်ခံ၍မဖြစ်နိုင်တော့ပါ။ လူသည်လွတ်လပ်သည်ဟုပြောလျှင်၊ လူ၏အမူအကျင့်များသည် ဘုရားသခင်၏ထာဝရအမိန့်တော်များ၊ အကြံအစည်တော်များမှ ဆုံးဖြတ်သည့်အတိုင်းသာဖြစ်လာသည်ဟု မပြောနိုင်တော့ပါ။ ထိုပြဿနာကိုဖြေရှင်းဖို့ သူတို့၏ အလယ်အလတ်အသိပညာကို တည်ထွင်ကြခြင်းဖြစ်ပါသည်။ ထိုသီအိုရီကို တစိတ်တပိုင်းအားဖြင့်၊ လူသာရန်အုပ်စုများနှင့် ရီမွန်စထရင့်(အာမီးနီးယန်းနောက်လိုက်များ)တို့က လက်ခံကြပါသည်။ သို့သော် ရီမွန်စထရင့်တို့သင်သလို၊ ဘုရားသခင်၏ရွေးကောက်ခြင်းသည် ယုံကြည်မည်ဟု ကြိုတင်သိနေ၍ဟု သင်ပေးသည်နှင့်တော့ မတူပြန်ပါခြေ။

ထိုဘုရားသခင်၏အသိပညာကို အလယ်အလတ်အသိပညာဟု ခေါ်ကြရခြင်းမှာ၊ ၎င်းသည် ဘုရားသခင်၏ မရှိမဖြစ်အသိပညာနှင့် ဘုရားသခင်၏လွတ်လပ်သောအသိပညာတို့ကြားတွင်ရှိနေသည်ဟု ယူဆကြသောကြောင့်ဖြစ်ပါသည်။ ၎င်းအသိပညာ၏ သိခြင်းသည် ဖြစ်နိုင်ခြေရှိသောနောက်ဆက်တွဲအားလုံး(contingent possibilities)ကို ဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏ထာဝရအမိန့်တော်(decree)တွင် ဖြစ်နိုင်ခြေရှိသမျှအားလုံးကို ထည့်တွက်ပါသည်ဟု ပြောကြပါသည်။ ထိုဖြစ်နိုင်ခြေရှိသမျှအားလုံးအတွက် ကြိုတင်စီမံခြင်းအားလုံးကိုလည်း ပြုထားပါသည်ဟု ပြောကြပါသည်။ အထူးသဖြင့် လူသားက ဘာလုပ်လိုက်လျှင် ဘာကိုနောက်ဆက်တွဲဖြစ်စေမည်ဟု သိနေပါသည်ဟု ပြောကြပါသည်။ သူ၏ကြိုတင်အမိန့်ချမှတ်ခြင်းများသည် အမြဲတမ်း အဆင်သင့်ရှိနေပါသည်ဟု ပြောကြပါသည်။ ဖြစ်နိုင်ခြေအားလုံးအတွက် အမိန့်တော်များချမှတ်နေသောဘုရားသခင်သည် ကမ္ဘာမတည်မရှိမှီကပင် ကြိုတင်ပြင်ထားလျှက်ရှိနေပါသည်ဟု သင်ကြပါသည်။

အဓိကအားဖြင့်၊ ၎င်းဘုရားသခင်၏အလယ်အလတ်အသိပညာကို ပထမဆုံး အာဒံ၏အဖြစ်အပျက်တွင် ထည့်ကြည့်ကြပါသည်။ အာဒံ့ကို ဘုရားသခင်က ကိုယ်ကျင့်တရားအရ လွတ်လပ်သောပုဂ္ဂိုလ်အဖြစ် ဖန်ဆင်းသည်။ ဆိုလိုသည်မှာ သူသည် လိုချင်လျှင် ဖြောင့်မတ်သောအဖြစ်၌နေနိုင်သည်၊ မဟုတ်ပါက အပြစ်ပြုလုပ်လျှက် ကျဆုံးနိုင်သည်။ ဤနေရာတွင် ဘုရားသခင်သည် နောက်ဆက်တွဲဖြစ်နိုင်ခြေနှင့် ရင်ဆိုင်တွေ့စုံရသည်။ ပို၍တိကျစွာပြောရလျှင် ဘုရားသခင်သည် ဖြစ်နိုင်ခြေနှစ်မျိုးနှင့်ရင်ဆိုင်တွေ့စုံရသည်ဟု ပြောကြပါသည်။ ၎င်းတို့မှာ လူသား၏ အလိုဆန္ဒနှင့်လူသား၏ရွေးချယ်မှုကိုဖြစ်သည်။ ၎င်းတို့ကို ဘုရားသခင်က သေချာစွာ ကြိုတင်မသိနိုင်ပါဟု ပြောကြပါသည်။ အာဒံ အပြစ်ထဲကျဆုံးမည်ဟု ဘုရားသခင်က သေချာသိခဲ့ပါသလော? ထိုသို့ အာဒံ့အပြစ်ထဲကျဆုံးမှုသည် ရှောင်လွှဲ၍မရသောအရာဖြစ်သည်ဆိုလျှင် အာဒံသည် လွတ်လပ်သူမဖြစ်နိုင်တော့ပါ။ ထိုသို့ အပြစ်ထဲကျဆုံးခြင်းသည် ဘုရားသခင်၏သေချာသိသောအသိပညာ၏ သိခြင်းမဟုတ်သော်လည်း၊ ဘုရားသခင်သည် သူ၏ထာဝရအမိန့်တော်ထဲတွင် ဖြစ်နိုင်ခြေရှိသမျှအားလုံးကို ထည့်သွင်းစဉ်းစားပါသည်၊ ထို့နောက် ဘယ်ဖက်သို့ရွေးရွေး သင့်တော်သောအရေးယူမှုပြုရန် ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်ဟု ပြောဆိုကြပါသည်။

ထိုအလယ်အလတ်အသိပညာကို အာဒံနှင့်သူ၏အပြစ်ထဲကျဆုံးခြင်းသို့သာ ပထမဆုံးအနေနှင့် ထည့်သွင်းကြည့်ခဲ့ကြသော်လည်း၊ ထိုနေရာ၌သာ ရပ်မနေကြပါ။ လူသားအားလုံး၏အပြုအမူများသို့လည်း ၎င်းကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်လာပါသည်၊ တဦးခြင်းအနေနှင့်သော်၎င်း၊ အုပ်စုလိုက်ပြုမူကြသည်များ၌သော်၎င်း ကြည့်ကြရပါမည်။ ထို အလယ်အလတ်အသိပညာသီအိုရီက၊ ဘုရားသခင်သည် ကိုယ်ကျင့်တရားအားဖြင့်လွတ်လပ်သော လူသားထံ ပေးအပ်ထားသည့် အခြေအနေများအားလုံး ဖြစ်နိုင်ခြေများအားလုံးတို့ကို သိတော်မူသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် သူ၏ထာဝရအကြံအစည်တော်ထဲတွင် ဖြစ်နိုင်ခြေအားလုံးအတွက်၊ စီရင်ခြင်းအားလုံးတို့ကို ပြုလုပ်ခဲ့ပါသည်ဟု သင်ကြပါသည်။ လူသားက မည်သို့သောဖြစ်နိုင်ခြေကိုမဆို၊ ပြည့်စုံရန်ရွေးချယ်လိုက်သည်နှင့် ထိုရွေးချယ်မှုအတွက် စီရင်ခြင်းအားလှုပ်ရှားရန် အမြဲအသင့်ရှိနေသည်ဟု ပြောကြပါသည်။ ထိုသူတို့၏အမြင်အရ၊ ဘုရားသခင်၏ကြိုတင်သိတော်မူသောအသိပညာသည်၊ လူသားက တစုံတရာသောအခြေအနေတွင် တစုံတရာကိုပြုလိုက်မည်ဟု ပဋိလက်ဆန်ဆန် သိခြင်းမျှသာကျန်ပါတော့သည်။

ထိုဂျေဆုဘုန်းတော်ကြီးများ၏အိုင်ဒီယာသည် ကျမ်းစာပေါ်တွင်အခြေပြုပါသည်ဟုတော့ ခုခံလေ့ရှိကြပါသည်။ ၎င်းတို့က ထွက်မြောက်ရာကျမ်း ၃း၁၉ ကို ကိုးကားတတ်ကြပါသည်၊ ထိုနေရာတွင် ဘုရားသခင်သည် ဖါရောဘုရင်က သူ၏အမိန့်တော်ဖြစ်သည့် အစ္စရေးများအားလွှတ်ပေးဖို့ကို နားထောင်ကောင်းနားထောင်မည်ဟု ဖြစ်နိုင်ခြေများကို ကြိုတင်တွေးထားသည်၊ သို့သော် သူ၏ကြိုတင်သိတော်မူမှုတွင် ဘုရင်ကနားမထောင်ဟု သိနေသည်၊ ထို့ကြောင့် လိုအပ်သောအရေးယူမှုကို ကြိုတင်စီစဉ်ထားသည်ဟု ရှင်းပြတတ်ကြပါသည်။ ထို့နောက် တရားဟောရာကျမ်း ၇း၃-၄ ကိုလည်း ကိုးကားကြပါသေးသည်။ သူတို့၏အမြင်အရ၊ ဘုရားသခင်သည် သူ၏အလယ်အလတ်အသိပညာဖြင့်၊ အစ္စရေးတို့ မယုံကြည်သောနိုင်ငံသားများနှင့် အိမ်ထောင်ပြုကောင်းပြုကြမည်ဆိုသော ဖြစ်နိုင်ခြေများကို တွေးထားပါသည်၊ ထိုသို့တကယ်ပြုကြလျှင် သူ၏အမျက်ဒေါသသည် သူတို့အပေါ်ထွက်မည်ဖြစ်သည်။ နောက်ကျမ်းပိုဒ်တပိုဒ်မှာ ၁ရာ ၂၃း၁၀-၁၃ ဖြစ်သည်။ ထိုနေရာတွင် ဘုရားသခင်၏အလယ်အလတ်အသိပညာဖြင့် ဒါဝိတ်အား ကိလမြို့သားတို့က ရှောလုထံအပ်ကြလိမ့်မည်ဟု သတိပေးပါသည်၊ ထိုဖြစ်နိုင်ခြေသည် ဒါဝိတ် ထိုနေရာမှထွက်ပြေးခြင်းဖြင့် ပျက်စီးခဲ့ပါသည်။ နောက် ကိုးကားကြသည့် ကျမ်းပိုဒ်တပိုဒ်မှာ ဆာလံ ၈၁း၁၃-၁၆ ဖြစ်သည်၊ ထိုနေရာတွင် ဘုရားသခင်က သူ၏အလယ်အလတ်အသိပညာဖြင့်၊ အကယ်၍အစ္စရေးတို့ သူ၏လမ်းတော်အတိုင်း လျှောက်လှမ်းကြလျှင်၊ သူတို့အား မည်သို့ကောင်းချီးပေးမည်ကို ကြေညာပါသည်ဟုပြောကြပါသည်။ နောက်တခါ ယေရမိ ၂၆း၂-၇ ကိုလည်း ကိုးကားကြပြန်ပါသည်။ ယုဒ

နိုင်ငံသည် ပုရောဖက်ရေယေမိစကားကို နားထောင်ကြလျှင်၊ သူကျရောက်စေသော ဒုက္ခဆင်းရဲခြင်းများအတွက် နောင်တရမည်ဟု ဘုရားသခင်က ကတိပေးသည်ဟု အနက်ဖွင့်ကြပါသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ၏ပြုမူခြင်းကို ယုဒလူတို့၏ပြုမူခြင်း အတိုင်းလှုပ်ရှားပါသည်ဟု ဆိုလိုချင်ကြခြင်းဖြစ်သည်။ ထို့အတူပင် သခင်ယေရှု၏ တိုင်ယာ၊ ဇိဒုန်၊ သောဒုံနှင့်ဂေါမောရမြို့တို့နှင့် ပတ်သက်၍ ပြောခဲ့သည်များကိုလည်း အနက်ဖွင့်ကြပါသည်။ အကယ်၍သာ ခေါရာဇိန်၊ ဗက်ဇဲဒ၊ ကပေရနောင်မြို့တို့၌ပြုသော အ ရာများကို ထိုမြို့များကတွေ့ခဲ့လျှင်၊ နောင်တရကြလျှင် ယနေ့တိုင်အောင် ရှိနေကြမည်ဟု၊ လူပြုသည့်အတိုင်း ဘုရားသခင်က တုန့် ပြန်ပုံကို ရှင်းပြကြပါသည်(မဿဲ ၁၁း၂၀-၂၄)။ နောက်ဆုံးအနေနှင့်၊ ရွေးကောက်ခြင်းခံရသူများကြောင့် ဘေးဒဏ်ကြီးကာလနေ့ ရက်များကို တိုစေမည်ဟု ပြောကြပါသည်(မဿဲ ၂၄း၂၂)၊ လူပြုသည့်အတိုင်းသာ ဘုရားကတုန့်ပြန်သည်ဆိုသည့်သဘောဖြစ်သည်။

## အလယ်အလတ်အသိပညာအားဝေဖန်ခြင်း
(A Critic of Middle Knowledge)

မည်သို့ပင်ဖြစ်ပါစေ၊ ထိုကျမ်းပိုဒ်များက အရာခပ်သိမ်းသည် လူအပေါ်တွင်တည်သည်၊ ဘုရားသခင်အတွက် ဘာမှမသေ ချာဟု လုံးဝမပြောကြခြင်းဖြစ်ပါသည်။ သို့သော် လူသားတဦးအတွက်မူ ဘာကမှ သေချာခြင်းမရှိပါ။ ဘုရားသခင်က ဒါဝိတ်ထံ ကိ လမြို့သားများက သူ့ကိုသစ္စာဖေါက်ကြမည်ဟု အသိပေးသည့်အခါ၊ ဘုရားသခင်သည် သူ့အစေခံထံ ဘာဖြစ်လာမည်ကို ပြောနေ ခြင်းမဟုတ်ပါ၊ ကိလမြို့သားတို့၏ ရည်ရွယ်ချက်အမှန်ကို ပြောပြနေခြင်းဖြစ်ပါသည်။ ခေါရာဇိန်၊ ဗက်ဇဲဒမြို့တို့၌ ပြုခဲ့သည့် အံ့ဩစ ရာများကို သောဒုံနှင့်ဂေါမောရမြို့တို့တွင် ပြုခဲ့မည်ဆိုပါက၊ ၎င်းမြို့တို့သည် ယနေ့တိုင်အောင် ရှိနေကြပါမည်ဟု ဆိုပါသော်လည်း၊ တကယ့်အဖြစ်မှန်သည် ထိုအံ့ဩဖွယ်တို့ကို ထိုမြို့တို့တွင် မလုပ်ခဲ့ပါ၊ ဘုရားသခင်၏ထာဝရအကြံအစည်အမိန့်တော်အတိုင်း၊ ၎င်း တို့သည် ရှိမနေကြတော့ပါ။ ဘုရားသခင်က ဖါရောဘုရင်အား၊ ငါ့လူများကိုလွှတ်ပါဆိုသော အမိန့်တော်ရှေ့တွင်ထားထားသည်ဆို ခြင်းသည်၊ ဘုရားသခင်က ထိုရှင်ဘုရင်အား တွေးခေါ်နိုင်သော၊ ကိုယ်ကျင့်တရားရှိသော လူသားတဦးအနေနှင့် ဆက်ဆံသည်၊ ထို သို့သောသူ၏ ပျက်ဆီးရခြင်းသည် ဘုရားသခင်အားမနာခံခြင်းဖြင့်သာ ဖြစ်လာရပါမည်ဟု ဆိုလိုခြင်းသာဖြစ်ပါသည်။ သို့သော် ထို မနာခံခြင်းနှင့်ပျက်ဆီးရခြင်းသည် အလွန်တရာမှ သေချာလှပါသည်၊ ကြိုတင်စီစဉ်ပြီးသားလည်းဖြစ်ပါသည်။

ထိုဂျေဆုဘုန်းတော်ကြီးများ၏သီအိုရီတွင် အမှားကြီးနှစ်ခုရှိသည်ဟု တွေ့နိုင်ပါမည်။ ပထမအမှားသည်၊ ဘုရားသခင်၏ အရာခပ်သိမ်းအားသိတော်မူခြင်းကို ငြင်းဆန်ခြင်းဖြစ်သည်။ ထို့ကြောင့် ကိုယ်ကျင့်တရားရှိနိုင်သောဖန်ဆင်းခံသတ္တဝါအား(moral creature) ဘုရားသခင်က အစိုးရတော်မူစွာ ဆက်ဆံပါသည်ဆိုသော အမှန်တရားကိုလည်း ငြင်းပယ်ကြပါသည်။ လူသားကိုသာ မကပါ၊ ဘုရားသခင်သည် စကြာဝဠာတခုလုံးနှင့် ၎င်း၏သမိုင်းကိုလည်း အစိုးရတော်မူစွာ ဆက်ဆံနေပါသည်။ ထို အလယ်အ လတ်အသိပညာတွင် ဘာတခုမှ သေချာခြင်းမရှိပါ၊- ထို့ကြောင့် ဘာမှသေချာမှုမရှိသောအသိပညာကို အသိပညာဟု မခေါ်နိုင်ပါ။ ထိုမှဆန့်ကျင်စွာ၊ အလယ်အလတ်အသိပညာဆိုသည်မှာ အဖန်တလဲလဲဖြစ်ခြင်း၊ ဖြစ်နိုင်ခြေများ အဆက်မပြတ်တိုးပွားနေခြင်းမျှ သာ၊ လူသား၏ရွေးချယ်မှုနှင့်ပြုမူမှုအပေါ်တည်၍ နောက်ဆက်တွဲဖြစ်နိုင်ခြေများ ထပ်ခါထပ်ခါတိုးပွားနေခြင်းသာ ဖြစ်ပါသည်။ ထို သို့သောအိုင်ဒီယာများက အမြဲတမ်းပြုချင်ကြသလို၊ ဤအိုင်ဒီယာကလည်း လူသားကို အစိုးရသောသူဖြစ်စေပါသည်၊ ဘုရားသခင် ကိုမူ လူသားအားမှီခိုနေရသူ ဖြစ်လာစေပါသည်။ ဘုရားကို ပလ္လင်ပေါ်မှတွန်းချကာ၊ လူသားကို ပလ္လင်ပေါ်တက်ထိုင်ခိုင်းခြင်းမျှသာ ဖြစ်ပါသည်။ အုပ်စိုးသူ၏ဇက်ကြိုးအား ဘုရားသခင့်လက်မှယူ၍ လူသား၏လက်ထဲ ထည့်လိုက်ခြင်းသာဖြစ်ပါသည်။

ဘုရားသခင်က သူ၏အမိန့်တော်များနှင့် ဆုံးဖြတ်ချက်များကို ပြုလုပ်ပါသည်၊ သို့သော် ထိုသို့ပြုရာတွင် လူသားကဘာများ လုပ်မလဲဟု စောင့်နေရသည့်သဘောဖြစ်ပါသည်။ ထို့ကြောင့် ဘုရားအတွက် ဘာတခုမှ မသေချာတော့ဘဲဖြစ်လာပါသည်။ သူ သည် လူသားက နောက်တခါ ဘာထပ်လုပ်မည်ကို ဘယ်တော့မှမသိတော့ပါ။ ဤအမိန့်တော်ကိုလော၊ ထိုအမိန့်တော်ကိုလော ဘာ ကို ဆက်လုပ်ရမည်မသိ ဖြစ်နေရပါသည်။ ဘုရားသခင်သည် အာဒံ ကျဆုံးမည်မကျဆုံးမည်ကို မသိခဲ့ပါ။ သူ့တပါးတည်းသာမွေး ထားသောသားတော်ကို ဤကမ္ဘာသို့ စေလွှတ်ရမည်၊ မစေလွှတ်ရမည် သေချာမသိခဲ့ပါ၊ ဟေရုဒ်မင်းက သူ့သားတော် ယေရှုကို တ ကယ် သတ်မည် မသတ်မည် မသိခဲ့ပါ၊ နာဇရက်မြို့သားများက သခင်ယေရှုကို ချောက်ကမ်းပါးမှ တွန်းချချင်မည် မချင်မည်ကို လည်း မသိခဲ့ပါ၊ ယုဒက သခင်ယေရှုကို သစ္စာဖေါက်မည် မဖေါက်မည် မသိခဲ့ပါ၊ ပိလတ်မင်းက သူ့ကို သေဒဏ်ပေးမည် မပေး မည်လည်း မသိခဲ့ပါဟု ပြောရာကျနေပါသည်။ ထိုသီအိုရီအရ ကမ္ဘာကြီးသည် တကယ်တမ်းတွင် လူသား၏ စိတ်ကူးပေါက်ရာ၊ ထင် ရာမြင်ရာ လုပ်မှုများအောက်တွင် ထားခဲ့သလိုဖြစ်နေပါသည်။ အရာအားလုံးကို အုပ်စိုးနေသူမှာ ဘုရားမဟုတ်ဘဲ၊ လူသားသာ ဖြစ် လာပါသည်။ လူသားက စလုပ်သည်၊ ဘုရားက နောက်ကလိုက်သည် ဖြစ်လာပါသည်။ လူသားကသာ အုပ်ချုပ်သောကမ္ဘာကြီးထက် မည်သည်က ပို၍ဆိုးဝါးပါမည်နည်း? ကမ္ဘာကြီးအား အုပ်စိုးခြင်းသည် လူတဦးချင်းစီ၏လက်သို့ ပို့လိုက်ခြင်း၊ (သို့) လူအုပ်ကြီး၏ လက်သို့ ပို့လိုက်ခြင်းဖြစ်လာပါသည်။ ထိုသီအိုရီအရ ဘုရားသခင်သည် နောက်ဘာဖြစ်မည်ကို သေချာမသိသဖြင့်၊ နောက်ဆုံးတွင် ဘုရားကအနိုင်ရမည်လော? နတ်ဆိုးကအနိုင်ရမည်လော? ဆိုးညစ်ခြင်းကနိုင်မည်လော? ကောင်းမြတ်ခြင်းက နိုင်မည်လော? မည်သူကမျှ မသေချာနိုင်ကြတော့ပါ။

၎င်းသည် ဂျေဆုဘုန်းတော်ကြီးများ၏ လူသား၏လွတ်လပ်ခြင်းအား ကယ်တင်ဖို့အတွက်၊ ဘုရားသခင်၏အရာခပ်သိမ်း သိတော်မူခြင်းအား ငြင်းပယ်လျှက်တွေးသည့်အတွေးက ရောက်ရှိစေသော နိဂုံးချုပ်အမှန်ဖြစ်ပါတော့သည်။ ထိုအတွေးက ဘုရားသ ခင်သည် သခင်ဖြစ်သည်ဆိုခြင်းကို ငြင်းပယ်ပါသည်။ သူဖန်ဆင်းသော စကြာဝဠာအတွင်း ဘာဖြစ်လာမည်ကို သေချာမသိသောဘု ရား၊ သူဖန်ဆင်းသော သတ္တဝါငယ်ကလေးဖြစ်သည့်၊ လူသားက ဘာဆက်လုပ်မည်ကို သေချာမသိနိုင်သောဘုရားသည် သခင် မဟုတ်နိုင်ပါ။ သို့သော် ကျမ်းစာက ဘုရားသခင်သည် သခင်ဖြစ်သည်ဟု ဖွင့်ပြနေပါသည်။ ကမ္ဘာလောကကို ဆက်ဆံသည့်အခါ

အစိုးရတော်မူခြင်းနှင့်ဆက်ဆံတော်မူသည်ဟု ဖွင့်ပြနေပါသည်။ သူ၏အလိုတော်ကို မည်သူကမျှ မခုခံမတားဆီးနိုင်ပါ (ရောမ ၉း ၁၉)။ သူသည် သူကြိုက်သောအရာ မည်သည်ကိုမဆို လုပ်သူဖြစ်ပါသည် (ဆာလံ ၁၁၅း၃)။ သူသည် အဆုံးသတ်ကို အစပျိုးမှနေ၍ အလွန့်အလွန်သေချာစွာနှင့် ကြေညာသူဖြစ်ပါသည် (ဟေရှာ ၄၆း၁၀)။

ဂျေဆုဘုန်းတော်ကြီးများ၏ ဒုတိယအမှားမှာ၊ လူသား၏လွတ်လပ်ခြင်းကို မှားယွင်းစွာသဘောပေါက်ခြင်းဖြစ်ပါသည်။ လူသားသည် ဖန်ဆင်းခြင်းအရ လွတ်လပ်သော ကိုယ်ကျင့်တရားတည်ဆောက်နိုင်သူ သတ္တဝါတမျိုးဖြစ်ပါသည်။ ဘုရားသခင့်အလိုတော်အတိုင်း နေထိုင်နိုင်ခြင်းဆိုသော လွတ်လပ်ခြင်းအစစ်အမှန်ကို ဆုံးရှုံးခဲ့ပြီးဖြစ်သော်လည်း၊ ခရစ်တော်အားဖြင့်သာမဟုတ်လျှင် စစ်မှန်သောလွတ်လပ်ခြင်းကို ဘယ်တော့မှပြန်မရနိုင်တော့သော်လည်း၊ သူသည် အပေါ်ယံအားဖြင့် လွတ်လပ်နေပါသေးသည်၊ သူသည် တွေးခေါ်နိုင်သော ကိုယ်ကျင့်တရားတည်ဆောက်နိုင်သော သတ္တဝါ ဖြစ်နေပါသေးသည်၊ မိမိ၏ကိုယ်ပိုင်အပြုအမူများကို ပြုမူနိုင်သေးသူ၊ ထိုအပြုအမူများအတွက် တာဝန်ယူရသူ ဖြစ်နေပါသေးသည်။

သို့သော် လူသားသည် အစိုးရစွာ-မလွတ်လပ်ပါ ဆိုသည်ကိုတော့ မမေ့မှဖြစ်ပါမည်၊ အလယ်အလတ်အသိပညာတီထွင်သူများက ထိုအချက်ကို မေ့နေကြခြင်းဖြစ်ပါသည်။ လူသည် သတ္တဝါတမျိုးသာ ဖြစ်နေပါသေးသည်၊ အမှီအခိုလိုအပ်သောသတ္တဝါ၊ သူ၏အစိုးရတော်မူသော သခင်၏အလိုတော်သို့ လုံးလုံးလျှားလျှား မှီခိုနေရသူဖြစ်နေပါသေးသည်။ မှန်ပါသည်၊ လူသားသည် မိမိသြတ္တပ္ပစိတ်နှင့် လိုချင်မှု၏အောက်တွင် ကိုယ်ပိုင်ပြုမူခြင်းများကို လုပ်ကိုင်နေသူဖြစ်ပါသည်။ ထိုရှုထောင့်မှနေ၍သာ သူသည် လွတ်လပ်ပါသည်။ သူ ရွေးချယ်သည်၊ ဆုံးဖြတ်သည်၊ သူ့အတွင်းသဘောသဘာဝအတိုင်း လှုပ်ရှားပြုမူသည်။ သို့သော် ထိုလွတ်လပ်ခြင်းသည် နေရာစုံထောင့်စုံမှနေ၍ ဘုရားသခင့်အလိုတော်အားဖြင့် ဘောင်ခတ်ထားသည်(circumscribe)၊ ဝိုင်းပတ်ထားပါသည်(circumvent)၊ ၎င်းကို လူသားက မှီခိုနေရပါသည်။ လူသား၏ပြုမူခြင်းများအားလုံးသည်၊ သူ့အတွင်းသဘောမှ ရွေးချယ်သည့်အတိုင်း၊ ဆုံးဖြတ်ပြုမူခြင်းဖြစ်သော်လည်း၊ ၎င်းတို့ကို ကောင်းကင်နှင့်မြေကြီး၏အရှင်သခင် အရာခပ်သိမ်းကိုသိတော်မူသော ဘုရားသခင်က ဆုံးဖြတ်သောကြောင့်ဖြစ်လာကြပါသည်၊ ထို့ကြောင့် ၎င်းတို့ကို အသေအချာ သိတော်မူပါသည်။ သူသည် အရာခပ်သိမ်းကို မိမိအလိုတော်၏အကြံအစည်တော်များအတိုင်း ပြုလုပ်သောသူဖြစ်ပါသည် (ဧဖက် ၁း၁၁)။

ဘုရားသခင်၏အရာခပ်သိမ်းအားသိတော်မူခြင်းနှင့် လူသား၏လွတ်လပ်ခြင်းအား ထိန်းသိမ်းဖို့ကြိုးစားသောအခါ၊ ကျွန်တော်တို့သည် လူသား၏အစိုးရခြင်းကိုထိန်းသိမ်းဖို့အတွက် ဘုရားသခင်၏ အရာခပ်သိမ်းသိတော်မူခြင်းအမှန်တရားကို မဖျက်ဆီးပစ်ရပါ၊ ထိုမှဆန့်ကျင်စွာ လူသား၏လွတ်လပ်ခြင်းသည် ဖန်ဆင်းခံသတ္တဝါတဦး၏လွတ်လပ်ခြင်းမျှသာဖြစ်သည်၊ အမှီအခိုလိုအပ်သောလွတ်လပ်ခြင်းမျှသာဖြစ်သည်ဟု သဘောပေါက်ရပါမည်။ ကောင်းကင်နှင့်မြေကြီး၏အရှင်သခင်၊ အရာခပ်သိမ်းသိတော်မူသော ဘုရားသခင်၏ အစိုးရတော်မူသောအမိန့်တော်၏ နယ်ပယ်အတွင်း၌သာ လှုပ်ရှားလျှက်၊ လုပ်ကိုင်လျှက်ရှိနေပါသည်။

(Reformed Dogmatic Vol. 1, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××

*ကျမ်းစာဘာသာပြန်ကျော* ***(Translation from KJV)***

**ဆာလံ ၂၇း၁–၁၄ (ဂျိန်းဘုရင်မူ)**

***Psalm 27:1-14***

**ဒေးဗစ်၏ဆာလံ**

၁ - ဘုရားသခင်သည် ငါ့ အလင်း၊ ငါ့ ကယ်တင်ခြင်းဖြစ်သည်၊- မည်သူ့ကို ငါကြောက်စရာ လိုသနည်း? ဘုရားသခင်သည် ငါ့ဘဝ၏ခွန်အားဖြစ်သည်၊- မည်သူ့ကို ငါ ကြောက်လန့်စရာ လိုမည်နည်း?

၂ - ဆိုးညစ်သူများသည် ငါ၏အသွေးအသားကို စားပစ်မည်ဟု ငါ့ထံ လာကြသည်၊ ငါ့ ရန်သူများ၊ ငါ့ ရန်ဖက်များပင် ဖြစ်ပါသည်၊ သို့သော် သူတို့သည် ခလုတ်တိုက်ကာ လဲကျသွားကြပါသည်။

၃ - တပြုံတမကြီးက ငါ့ကို ဆန့်ကျင်ဖို့ စခန်းလာချကြလျှင်လည်း၊ ငါ့နှလုံးသားက ကြောက်မည်မဟုတ်၊- ငါ့ကိုဆန့်ကျင်ဖို့ စစ်ပွဲဖြစ်လာလျှင်လည်း၊ ဤအမှုထဲတွင် ငါသည် စိတ်ချလျှက် ရှိနေပါမည်။

၄ - ထာဝရဘုရားထံမှ ငါသည် တခုသောအကြောင်းကိုသာ လိုချင်ဆန္ဒရှိပါသည်၊ ထိုအရာကိုသာ ရှာဖွေပါသည်၊- ငါသည် ထာဝရဘုရား၏ အိမ်တော်၌ ငါ့ဘဝနေ့ရက်အားလုံး နေထိုင်ခွင့်ရဖို့ဖြစ်ပါသည်၊ ထာဝရဘုရား၏ လှပခြင်းကို ကြည့်နေဖို့ဖြစ်ပါသည်၊ သူ့ဗိမ္မာန်တော်ထဲတွင် ဆုတောင်းနေရဖို့ ဖြစ်ပါသည်။

၅ - အဘယ့်ကြောင့်ဆိုသော် ဒုက္ခပြဿနာများကျရောက်စဉ် သူသည် ငါ့ကို သူ၏အခန်းကျယ်ကြီးထဲ ဖွက်ထားလိမ့်မည်ဖြစ်သည်၊- သူ့တဲတော်၏လျှို့ဝှက်နေရာထဲတွင် ငါ့ကို ဖွက်ထားမည်ဖြစ်သည်၊- သူသည် ငါ့ကို ကျောက်ပေါ်တွင် ထားရှိမည်ဖြစ်သည်။

၆ - ငါ့ဦးခေါင်းသည်လည်း ငါ့ပတ်လည်တွင် ဝိုင်းနေကြသော ရန်သူတို့၏အလယ်တွင် အထက်သို့ချီးမြှောက်ထားခြင်းကို ခံရမည်ဖြစ်သည်၊- ထို့ကြောင့် ငါသည် သူ၏တဲတော်ထဲတွင် ဝမ်းမြောက်ခြင်းယဇ်ပူဇော်သက္ကာများကို ပူဇော်မည်ဖြစ်သည်၊- ငါ သီချင်းဆိုမည်၊ မှန်သည်၊ ငါသည် ထာဝရဘုရားထံ ချီးမွမ်းခြင်းများကို သီဆိုမည်ဖြစ်သည်။

၇ - အိုး ဘုရားသခင်၊ ကြားတော်မူပါ၊ အကျွန်ုပ်သည် မိမိအသံနှင့်အော်ဟစ်ပါသည်၊- အကျွန်ုပ်အား သနားတော်မူပါ၊ အဖြေပေးတော်မူပါ။

၈ - ငါ့မျက်နှာကို ရှာလော့ဟု ကိုယ်တော် ပြောသည့်အခါ၊- အကျွန်ုပ်၏နှလုံးသားက ကိုယ်တော့်ထံ ပြောနေပါသည်၊ ထာဝရဘုရား၊ ကိုယ်တော့် မျက်နှာတော်ကို၊ အကျွန်ုပ်ရှာဖွေပါမည်။

၉ - ကိုယ်တော့်မျက်နှာတော်ကို အကျွန်ုပ်ထံမှ အဝေးတွင် ထားတော်မမူပါနှင့်၊- ကိုယ်တော့်အစေခံအား အမျက်တော်ထွက်လျှက် အဝေးသို့ ပို့တော်မမူပါနှင့်၊- ကိုယ်တော်သည် အကျွန်ုပ်၏အကူအညီ အမြဲဖြစ်ခဲ့ပါသည်၊- အကျွန်ုပ်အား ထားခဲ့တော်မမူပါနှင့်၊ ပစ်လည်း ပစ်မထားခဲ့ပါနှင့်၊ အို ဘုရားသခင် အကျွန်ုပ်၏ကယ်တင်ခြင်း။
၁၀ - အကျွန်ုပ်၏ ဖခင်နှင့်မိခင်တို့က အကျွန်ုပ်အား စွန့်ပစ်ကြသည့်အခါ၊ ကိုယ်တော်သည် အကျွန်ုပ်ကို ချီယူတော်မူပါသည်။
၁၁ - အိုး သခင်၊ ကိုယ်တော့် လမ်းတော်ကို အကျွန်ုပ်အား သင်ပေးတော်မူပါ၊ အကျွန်ုပ်၏ရန်သူတို့ကြောင့် ရှင်းနေသောလမ်းထဲသို့ ဦးဆောင်ခေါ်တော်မူပါ။
၁၂ - အကျွန်ုပ်ရန်သူတို့၏ အလိုဆန္ဒသို့ အကျွန်ုပ်အား ရောက်မသွားစေပါနှင့်၊- အဘယ့်ကြောင့်ဆိုသော် မှားယွင်းသော သက်သေခံများသည် အကျွန်ုပ်အားဆန့်ကျင်လျှက် ထကြွကြ၍ဖြစ်ပါသည်၊ ရက်စက်ကြမ်းကြုတ်ခြင်းကို ရှူထုတ်ကြသူများဖြစ်ပါသည်။
၁၃ - အသက်ရှင်သူတို့၏တိုင်းပြည်တွင် ထာဝရဘုရား၏ကောင်းမြတ်ခြင်းကို မြင်ရမည်ဟု မယုံကြည်ရပါက၊ အကျွန်ုပ်သည် မူးမေ့သွားတော့မည်ဖြစ်ပါသည်။
၁၄ - ထာဝရဘုရားအား စောင့်ပါလော့၊- ကောင်းသောသတ္တိရှိပါလော့၊ သူသည် သင့်နှလုံးသားကို ခွန်အားပေးတော်မူမည်၊- ထာဝရဘုရားကို စောင့်ပါလော့ဟု ငါပြောပါသည်။

**ဆာလံ ၂၈း၁-၉ (ဂျိန်းဘုရင်မူ)**

***Psalm 28:1-9***

**ဒေးဗစ်၏ဆာလံ**

၁ - ကိုယ်တော့်ထံသို့ အကျွန်ုပ်အော်ဟစ်ပါသည်၊ အိုး သခင်၊ အကျွန်ုပ်၏ကျောက်၊- အကျွန်ုပ်ထံသို့ ဆိတ်ဆိတ် နေတော်မမူပါနှင့်၊- ထိုသို့ အကျွန်ုပ်ထံသို့ တိတ်ဆိတ်နေပါလျှင်၊ အကျွန်ုပ်သည် တွင်းထဲသို့ ဆင်းသွားရသူနှင့် တူပါတော့မည်။
၂ - အကျွန်ုပ် ကိုယ်တော့်ထံ အော်ဟစ်သည့်အခါ၊ ကိုယ်တော်၏ သန့်ရှင်းသောဖွင့်ပြချက်များရှိရာနေရာသို့ အကျွန်ုပ်၏လက်များကို မြှောက်ထားသောအခါ၊ အကျွန်ုပ်၏အသနားခံတောင်းလျှောက်သံများကို ကြားတော်မူပါ။
၃ - အကျွန်ုပ်အား ဆိုးညစ်သူများနှင့်အတူ၊ ဒုစရိုက်မှုများကို ပြုလုပ်သူများနှင့်အတူ၊ မိမိတို့အိမ်နီးချင်းများထံသို့ ငြိမ်းချမ်းပါစေဟု ပြောလျှက်၊ သူတို့ နှလုံးသားများထဲတွင်တော့ မတရားမှုများ ရှိနေကြသူများနှင့်အတူ၊ ခေါ်ထုတ်မသွားပါနှင့်။
၄ - သူတို့အား သူတို့၏အမူအကျင့်များအတိုင်း ပေးဆပ်တော်မူပါ၊ သူတို့လုပ်ဆောင်ကြသည့် ဆိုးညစ်မှုများအတိုင်း ပေးဆပ်တော်မူပါ၊- သူတို့လက်များဖြင့် လုပ်ဆောင်ကြသည်အတိုင်း ပေးဆပ်တော်မူပါ၊- သူတို့ထိုက်တန်သည်အတိုင်း ပေးဆပ်တော်မူပါ။
၅ - အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်၏အလုပ်များကို ဂရုမစိုက်ကြသောကြောင့် ဖြစ်ပါသည်၊ ကိုယ်တော့်လက်များဖြင့် လည်ပတ်နေစေသည်များကိုလည်း ဂရုမစိုက်ကြပါ၊ ထို့ကြောင့် သူတို့ကို ဘုရားသခင်က ခြေမှုန်းပစ်တော်မူပါမည်၊ သူတို့ကို တည်ဆောက်မည် မဟုတ်ပါ။
၆ - ဘုရားသခင်သည် ကောင်းချီးနှင့်ပြည့်တော်မူပါစေသတည်း၊ အဘယ့်ကြောင့်ဆိုသော် သူသည် အကျွန်ုပ်၏အသနားခံတောင်းလျှောက်ခြင်းများကို ကြားတော်မူခဲ့ပြီဖြစ်သည်။
၇ - ဘုရားသခင်သည် ငါ၏ ခွန်အားနှင့်ဒိုင်း ဖြစ်တော်မူသည်၊- ငါ့နှလုံးသားက သူ့ကို အားကိုးသည်၊ ငါ အကူညီခံရပါသည်၊- ထို့ကြောင့် ငါ့နှလုံးသားသည် ကြီးစွာ ဝမ်းမြောက်ပါသည်၊- ထို့နောက် ငါ့ သီချင်းဖြင့် သူ့ကို ငါ ချီးမွမ်းပါမည်။
၈ - ဘုရားသခင်သည် သူတို့၏ခွန်အား ဖြစ်သည်၊ သူသည် သူဘိတ်သိပ်ပေးခန့်အပ်ထားသူ၏ ကယ်တင်သောခွန်အားဖြစ်ပါသည်။
၉ - ကိုယ်တော့်လူများကို ကယ်တင်တော်မူပါ၊ ထို့နောက် ကိုယ်တော့်အမွေများကို ကောင်းချီးပေးတော်မူပါ၊- သူတို့ကို ကျွေးလည်း ကျွေးမွေးတော်မူပါ၊ ထာဝရပင် သူတို့ကို ချီးမြှောက်တော်မူပါ။

xxxxxxxxxxxxxxxxxxxxxx

**ကမ္ဘာဦးကျမ်း ၂း၁-၂၅ (ဂျိန်းဘုရင်မူ)**

***Genesis 2:1-25***

၁ - ထိုသို့ဖြင့် ကောင်းကင်များနှင့်ကမ္ဘာမြေကြီးသည်၎င်း၊ ၎င်းတို့၏တပြုံတမကြီးသည်၎င်း ပြီးစီးခဲ့ပါသည်။
၂ - သတ္တမမြောက်နေ့တွင် ထာဝရဘုရားသခင်သည် သူလုပ်ခဲ့ပြီးသောအလုပ်များအား အဆုံးသတ်တော်မူသည်၊- ထို့နောက် သတ္တမမြောက်နေ့တွင် သူသည် မိမိလုပ်ခဲ့သမျှသောအလုပ်များအားလုံးမှနေ၍ အနားယူပါသည်။
၃ - ထို့နောက် ထာဝရဘုရားသခင်သည် သတ္တမမြောက်နေ့ကို ကောင်းချီးပေးသည်၊ ၎င်းကို သန့်ရှင်းစေပါသည်၊- အဘယ့်ကြောင့်ဆိုသော် ထိုနေ့တွင် သူသည် သူဖန်ဆင်းသော၊ ပြုလုပ်သော သူ့အလုပ်များအားလုံးမှနေ၍ နားသောကြောင့် ဖြစ်ပါသည်။
၄ - ၎င်းတို့သည် ကောင်းကင်များနှင့်ကမ္ဘာမြေကြီးတို့ ဖန်ဆင်းခြင်းခံရခြင်း၏ သမိုင်းကြောင်းများ ဖြစ်ကြပါသည်၊ ထာဝရဘုရားသခင်က ကမ္ဘာမြေကြီးနှင့်ကောင်းကင်များတို့ကို ဖန်ဆင်းချိန်က အကြောင်းအရာများဖြစ်ကြပါသည်၊
၅ - မြေကွင်းထဲမှ မည်သည့်သစ်ပင်မျှ ကမ္ဘာမြေကြီးပေါ် မရှိသေးချိန်၊ မည်သည့်သစ်ဥသစ်ဖုပင်မှ မပေါက်သေးခင်၊- မြေကြီးကို ထွန်ယက်မည့် လူသားလည်း မရှိခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော် ထာဝရဘုရားသခင်က ကမ္ဘာမြေကြီးပေါ်သို့ မိုးကို မရွာစေခဲ့ပါ။
၆ - သို့သော် ကမ္ဘာမြေကြီးထဲမှ မြူခိုးထွက်လာပါကာ မြေကြီးမျက်နှာပြင်တခုလုံးကို ရေဖျန်းပေးပါသည်။
၇ - ထို့နောက် ထာဝရဘုရားသခင်က လူသားကို မြေကြီးမှ မြေမှုန့်ဖြင့် ပုံစံဖော်ပါသည်၊ သူ၏နှာခေါင်းပေါက်များသို့ အသက်ရှင်ခြင်းထွက်သက်ကို မှုတ်သွင်းလိုက်ပါသည်၊ ထိုအခါ လူသားသည် အသက်ရှင်သောသတ္တဝါ ဖြစ်လာပါသည်။

၈ - ထို့နောက် ထာဝရဘုရားသခင်သည် ဥယျာဉ်တခုကို ဧဒင်၏အရှေ့ဖက်တွင် စိုက်ပျိုးပါသည်၊ ထိုနေရာတွင် သူ ပုံစံဖော် ဖန်
ဆင်းထားသောလူသားကို နေရာချပါသည်။
၉ - ထာဝရဘုရားသခင်သည် မြေကြီးမှနေ၍ ကြည့်၍ကောင်းသော၊ အစာအတွက် ကောင်းသော သစ်ပင်မျိုးစုံပေါက်လာရန် ပြု
လုပ်တော်မူပါသည်၊- ထိုဥယျာဉ်အလယ်တွင် အသက်ရှင်ခြင်းအပင်နှင့် ကောင်းခြင်းနှင့်ဆိုးညစ်ခြင်းအသိပညာကိုပေးသည့် သစ်ပင်
တို့လည်း ရှိပါသည်။
၁၀ - ဥယျာဉ်အားရေပေးရန် ဧဒင်မှနေ၍ မြစ်တခု စီးထွက်ပါသည်၊ ထိုမှနေ၍ မြစ်လေးခုအဖြစ် ဖြာထွက်ပါသည်။
၁၁ - ပထမမြစ်ကို ပီဆန် ဟုခေါ်သည်၊- ၄င်းသည် ဟာဗီလနယ်မြေတခုလုံးကို ပတ်သွားပါသည်၊ ထိုနေရာတွင် ရွှေရှိပါသည်၊-
၁၂ - ထိုနယ်မြေမှထွက်သော ရွှေသည် ကောင်းလှပါသည်၊- ထိုနေရာတွင် မွှေးကြိုင်သောအဝါရောင်သစ်ဆေးပင်နှင့် မဟူရာ
ကျောက်လည်း ရှိပါသည်။
၁၃ - ဒုတိယမြစ်အမည်မှာ ဂီဟွန် ဖြစ်သည်၊- ၄င်းမြစ်သည် အီသီယိုးပီးယားပြည်တခုလုံးကို ပတ်သွားပါသည်။
၁၄ - တတိယမြစ်အမည်မှာ ဟိဒီကဲလ် ဖြစ်သည်၊- ၄င်းမြစ်သည် အာဆီးရီးယားပြည်၏အရှေ့ဖက်မှ စီးဆင်းသွားပါသည်။ စတုတ္ထ
မြစ်ကို ယူဖရေးတီးစ်မြစ်ဟု ခေါ်ပါသည်။
၁၅ - ထာဝရဘုရားသခင်သည် လူကို ယူဆောင်လာကာ၊ ဧဒင်ဥယျာဉ်တွင် ထားပါသည်၊ ဥယျာဉ်ကို အလုဆင်ဖို့နှင့် စောင့်ရှောက်
ထိန်းသိမ်းဖို့ဖြစ်သည်။
၁၆ - ထို့နောက် ထာဝရဘုရားသခင်က လူကို အမိန့်ပေးပါသည်၊ ဥယျာဉ်ထဲမှ အပင်တိုင်းကို သင်သည် လွတ်လပ်စွာ စားနိုင်
သည်၊-
၁၇ - သို့သော် ကောင်းခြင်းနှင့်ဆိုးညစ်ခြင်းအသိပညာကိုပေးသောအပင်ကိုမူ သင် မစားရ၊ အဘယ့်ကြောင့်ဆိုသော် သင် ၄င်းကို
စားသောနေ့တွင် အမှန်ပင်သေမည်ဖြစ်သည်ဟု ပြောတော်မူပါသည်။
၁၈ - ထို့နောက် ထာဝရဘုရားသခင်က၊ လူသား တဦးတည်းနေခြင်းသည် မကောင်းပါ၊- ငါ သူ့အတွက် ကူညီဖြည့်ဆည်းပေးမည့်
သူကို ပြုလုပ်မည်ဟု ပြောပါသည်။
၁၉ - ထို့နောက် ထာဝရဘုရားသခင်သည် ကွင်းပြင်ရှိသားရဲတိရိစ္ဆာန်မျိုးစုံကို၄င်း၊ လေထဲရှိ ငှက်မျိုးစုံကို၄င်း မြေကြီးမှနေ၍ ပုံဖော်
ပြုလုပ်တော်မူပါသည်၊- ထို့နောက် ၄င်းတို့ကို အာဒံထံခေါ်လာလျှက်၊ သူက မည်သို့အမည်ပေးမည်ကို ကြည့်တော်မူပါသည်၊- အ
သက်ရှင်သောသတ္တဝါမှန်သမျှကို အာဒံပေးသည့်အမည်သည် သူတို့နာမည်ဖြစ်လာပါသည်။
၂၀ - ထိုသို့ဖြင့် အာဒံသည် ကျွဲနွားတိရိစ္ဆာန်တိုင်း၊ လေထဲရှိ ငှက်တိုင်း၊ ကွင်းပြင်ထဲရှိ သားရဲတိုင်းကို အမည်ပေးပါသည်၊- သို့သော်
အာဒံအတွက်မူ သူ့အား ကူညီဖြည့်စည်းပေးမည့်သူ မတွေ့ပါ။
၂၁ - ထို့နောက် ထာဝရဘုရားသခင်သည် အာဒံကို နက်ရှိုင်းသောအိပ်ပျော်ခြင်းဖြစ်စေရန် ပြုတော်မူပါသည်၊ ထိုသို့ဖြင့် သူ အိပ်
ပျော်သွားပါသည်၊- ထိုအခါ ထာဝရဘုရားသခင်သည် သူ၏နံရိုးများမှ တချောင်းကို ထုတ်ယူလျှက်၊ ထိုအရိုးတွင် အသွေးအသား
များကို ဖြည့်လိုက်ပါသည်၊-
၂၂ - လူထံမှ ထာဝရဘုရားသခင် ထုတ်ယူလိုက်သည့် ထိုနံရိုးဖြင့်၊ သူသည် အမျိုးသမီးကို ပြုလုပ်ပါသည်၊ ထို့နောက် သူမကို လူ
သားထံ ခေါ်လာခဲ့ပါသည်။
၂၃ - ထိုအခါ အာဒံက ပြောပါသည်၊ သူသည် ငါ့အရိုးများထဲမှ အရိုးဖြစ်သည်၊ ငါ့အသွေးအသားထဲမှ အသွေးအသားဖြစ်သည်၊-
သူမကို အမျိုးသမီးဟု ခေါ်ရမည်၊ အဘယ့်ကြောင့်ဆိုသော် သူမကို လူသားထဲမှ ထုတ်ယူထား၍ဖြစ်သည်။
၂၄ - ထို့ကြောင့် ယောကျ်ားသည် သူ၏ဖခင်နှင့်မိခင်ကို စွန့်ခွာကာ၊ သူ၏ဇနီးထံ၌ ကပ်နေလိမ့်မည်၊- ထို့နောက် သူတို့သည် အ
သွေးအသားတခုဖြစ်ကြလိမ့်မည်။
၂၅ - သူတို့နှစ်ဦးသည် အဝတ်မဝတ်ဘဲနေကြသည်၊ လူယောကျ်ားနှင့် သူ့ဇနီးတို့နှစ်ဦးသည် မရှက်ဘဲ နေကြပါသည်။
××××××××××××××××××××××××××××××××××

**ယာကုပ် ၄း၁–၁၇ (ဂျိန်းဘုရင်မူ)**

*James 4:1-17*

၁ - သင်တို့ကြားထဲ ဖြစ်နေသည့် တိုက်ခိုက်ခြင်းများနှင့် စစ်ပွဲများသည် မည်သည့်နေရာမှ ရောက်လာကြပါသနည်း? ၄င်းတို့သည်
သင်တို့ကိုယ်အင်္ဂါများအတွင်း စစ်ဖြစ်နေသော သင်တို့၏တပ်မက်ခြင်းများမှပင် လာကြသည်မဟုတ်ပါလော?
၂ - သင်တို့ တပ်မက်ကြသည်၊ သို့သော် မရရှိကြ၊- သင်တို့ သတ်ဖြတ်ကြသည်၊ ရရှိဖို့ လိုချင်ကြသည်၊ သို့သော် မရရှိနိုင်ကြ၊- သင်
တို့သည် တိုက်ခိုက်ကြသည်၊ စစ်ဖြစ်ကြသည်၊ သို့သော် သင်တို့သည် မရရှိနိုင်ကြသေး၊ အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ဆုမ
တောင်းကြသောကြောင့်ဖြစ်သည်။
၃ - ဆုတောင်းကြသည်၊ သို့သော် မရကြ၊ အဘယ့်ကြောင့်ဆိုသော် သင်တို့သည် တလွဲတောင်းကြသောကြောင့်ဖြစ်သည်၊ ထိုသို့ဖြင့်
သင်တို့သည် ၄င်းကို သင်တို့ တပ်မက်ခြင်းများ၌ လောင်မြိုက်ဝါးမြိုကြမည် ဖြစ်သည်။
၄ - ကာမပိုင်ရှိသူနှင့် ဖေါက်ပြန်ကြသော အမျိုးသား အမျိုးသမီးတို့၊ ကမ္ဘာကြီးနှင့် သူငယ်ချင်းဖွဲ့မှုသည် ဘုရားသခင်နှင့် ရန်ဖက်
ဖြစ်ခြင်းသာ ဖြစ်ကြောင်းကို မသိကြသလော? ထို့ကြောင့် ကမ္ဘာကြီးနှင့် သူငယ်ချင်းဖွဲ့သူတိုင်းသည် ဘုရားသခင်၏ရန်သူ ဖြစ်ကြပါ
သည်။

၅ - ကျမ်းစာက အချည်းနှီးမဲ့ပြောဆိုသည်ဟု သင်တို့ ထင်နေကြပါသလော? ငါတို့အထဲတွင် နေတော်မူသော ဝိညာဉ်တော်က အင်မတန်သဝန်တိုတတ်သည် မဟုတ်ပါလော?
၆ - သို့သော် သူက ပို၍များသောကျေးဇူးတော်ကို ပေးတော်မူပါသည်။ ထို့ကြောင့် "ဘုရားသခင်သည် မာနကြီးသူကို ဆီးတားတော်မူသည်၊ သို့သော် နှိမ့်ချသူထံ ကျေးဇူးတော်ကို ပေးသည်"ဟု ပြောခြင်းဖြစ်ပါသည်။
၇ - ထို့ကြောင့် သင် မိမိကိုယ်ကို ဘုရားသခင်ထံ အပ်နှံပါ။ နတ်ဆိုးကို ဆီးတားပါ၊ ထိုအခါ ၎င်းသည် သင့်ထံမှ ထွက်ပြေးသွားလိမ့်မည်။
၈ - ဘုရားသခင့်ထံ နီးကပ်စွာနေပါ၊ ထိုအခါ သူကလည်း သင့်ထံ နီးကပ်စွာနေပါမည်။ အပြစ်သားများဖြစ်ကြသည့် သင်တို့၊ မိမိတို့လက်များကို သန့်စင်ကြပါ၊- စိတ်နှစ်ခွရှိသော သင်တို့၊ သင်တို့နှလုံးသားများကို စင်ကြယ်စေကြပါ။
၉ - ဝမ်းနည်းပူဆွေးကြလော့၊ ကြေကွဲကြလော့၊ ငိုကြွေးကြပါလော့၊- သင်တို့၏ရယ်မော်ခြင်းများသည် ပူဆွေးဝမ်းနည်းခြင်းသို့ ပြောင်းသွားမည်၊ သင်တို့၏ဝမ်းသာခြင်းသည် လေးလံခြင်းသို့ ပြောင်းသွားပါမည်။
၁၀ - သခင်ဘုရားမျက်မှောက်တော်၌ သင်တို့ကိုယ်ကို နှိမ့်ချကြလော့၊ ထိုအခါ သူသည် သင်တို့ကို ချီပင့်ထားပါလိမ့်မည်။
၁၁ - ညီအကိုမောင်နှမတို့၊ တယောက်နှင့်တယောက် မကောင်းမပြောကြပါနှင့်။ မိမိညီအကိုအား မကောင်းပြောသူ၊ မိမိညီအကိုအား တရားစီရင်သူသည်၊ ပညတ်တော်ကို မကောင်းပြောသူ၊ ပညတ်တော်ကို တရားစီရင်သူဖြစ်ပါသည်၊- သို့သော် သင်သည် ပညတ်တော်ကို တရားစီရင်လျှင်၊ သင်သည် ပညတ်တော်ကို လုပ်ဆောင်သူမဟုတ်၊ တရားစီရင်သူသာ ဖြစ်ပါမည်။
၁၂ - ပညတ်ပေးသူ တဦးသာရှိပါသည်၊ သူသည် ကယ်တင်နိုင်သလို၊ ဖျက်ဆီးနိုင်ပါသည်၊- အခြားသူကို တရားစီရင်သူ သင်သည် မည်သူဖြစ်ပါသနည်း?
၁၃ - သင်တို့ ပြောတတ်ကြပါသည်၊ ယျှသွားကြမည်၊ ဒီနေ့ (သို့) မနက်ဖြန်တွင် ထိုထိုသောမြို့သို့ ငါတို့ သွားကြမည်၊ ထိုနေရာတွင် တနှစ်တန်သည် နေကြမည်၊ ရောင်းကြမည်၊ ဝယ်ကြမည်၊ အမြတ်ရကြမည်၊-
၁၄ - သင်သည် မနက်ဖြန် ဘာဖြစ်လိမ့်မည်ကို သိပါသလော? သင့်အသက်သည် မည်သို့သောအသက် ဖြစ်ပါသနည်း? ၎င်းသည် အခိုးအငွေ့မျှသာဖြစ်သည်၊ ခဏတဖြုတ်သာပေါ်လာသည်၊ ထို့နောက် ကွယ်ပျောက်သွားမည်ဖြစ်သည်။
၁၅ - ထို့အတွက်ကြောင့် သင်တို့ပြောသင့်သည်မှာ၊ ဘုရားသခင် အလိုတော်ရှိလျှင်၊ ငါတို့ အသက်ရှင်ကြမည်၊ ဤဤထိုထိုတို့ကို ပြုကြမည်။
၁၆ - သို့သော် သင်တို့သည် မိမိတို့ကြွားဝါခြင်းတွင် ပျော်နေကြပါတကား၊- ထိုသို့သော ပျော်ရွှင်ခြင်းအားလုံးသည် ဆိုးညစ်မှုဖြစ်ပါသည်။
၁၇ - ထို့ကြောင့် ကောင်းမြတ်ခြင်းကို သိသောသူ၊ သိသော်လည်း မလုပ်လျှင်၊ ထိုသို့နေခြင်းသည် အပြစ်ဖြစ်ပါသည်။

++++++++++++++++++++++++++

**သခင်ဘုရား၏နေ့ (၄၄)**

၁၁၃။ ဒသမပညတ်တော်က ကျွန်ုပ်တို့ထံမှ မည်သည်ကိုတောင်းဆိုပါသနည်း?

ဘုရားသခင်၏ မည်သည့်ပညတ်နှင့်မဆို ဆန့်ကျင်နေသည့် အသေးငယ်ဆုံးသော တိမ်းညွတ်မှုဖြစ်စေ၊ အတွေးဖြစ်စေ၊ ကျွန်ုပ်တို့၏စိတ်နှလုံး၌ မဖြစ်ပေါ်စေရပါ။ ကျွန်ုပ်တို့သည် အစဉ်အမြဲ အပြစ်အားလုံးကို စိတ်နှလုံးအကြွင်းနှင့် မုန်းတီးရမည်။ အားလုံးသော ဖြောင့်မှန်ခြင်းများကို နှစ်သက်ရပါမည်။
(ရော ၇း၇. . . . . . . )

၁၁၄။ ဘုရားသခင်၌ပြောင်းလဲသူများ ဤပညတ်များကို ပြည့်စုံစွာလိုက်လျှောက်နိုင်ကြပါသလား?

မလိုက်လျှောက်နိုင်ပါ။ အသန့်ရှင်းဆုံး ပုဂ္ဂိုလ်များသည်ပင်လျှင်၊ ယျှဘဝ၌အသက်ရှင်နေစဉ် ဤနာခံလိုက်လျှောက်ခြင်း၏ သေးငယ်သောအစပျိုးခြင်းကိုသာရရှိကြပါသည်။ သို့သော် သူတို့သည် ဟန်ဆောင်မှုမရှိသောသန္နိဋ္ဌာန်ဖြင့် ဘုရားသခင်၏ အချို့သော ပညတ်များအတိုင်းသာမဟုတ်၊ အားလုံးသောပညတ်တော်များအတိုင်း စတင်၍ အသက်ရှင်ကြပါသည်။
(ရော ၇း၁၄၊ ၇း၂၂၊၁၅၊ ယာကုတ် ၃း၂)

၁၁၅။ မည်သူမျှ စောင့်ထိန်းနိုင်ခြင်း မရှိသော်လည်း ဘုရားသခင်က အဘယ်ကြောင့် ပညတ်တော်(၁၀)ပါးကို တိကျပြတ်သားစွာ ဟောပြောသွန်သင်ရန် အလိုရှိရပါသနည်း?

ပထမအနေနှင့်၊ ကျွန်ုပ်တို့သည် ဘဝတလျှောက်လုံး မိမိတို့၏အပြစ်များသောဇာတိအကြောင်းကို ပို၍ပို၍သိမြင်လာရန် သင်ယူနိုင်မည်၊ ထိုသို့သိလာခြင်းဖြင့် အပြစ်မှခွင့်လွှတ်ခြင်း၊ ဖြောင့်မတ်ခြင်းတို့ကို သခင်ခရစ်တော်ထံ၌ ပို၍ စိတ်အားထက်သန်စွာ ရှာဖွေမည်ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ သန့်ရှင်းသောဝိညာဉ်တော်၏ ကျေးဇူးတော်အတွက် အစဉ်အမြဲ ကြိုးပမ်းမည်၊ ဆုတောင်းမည်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့် ပို၍ပို၍ ကိုက်ညီစွာ အသက်ရှင်လာကြပါမည်၊ ကျွန်ုပ်တို့အတွက် ရည်မှန်းထားသော ပြည့်စုံခြင်းသို့ရောက်မည့် တမလွန်ဘဝတိုင် ထိုသို့အသက်ရှင်ကြမည် ဖြစ်ပါသည်။
(၁ယော ၁း၉၊ ရော ၃း၂၀၊ ၅း၁၃၊ ၇း၇၊၂၄၊ ၁ကော ၉း၂၄၊ ဖိလိ ၃း၁၂-၁၄)